# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၃)ရက် ၊ ကြာသပတေးနေ့ ၊ (23-10-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၇၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၂၅) ကျင်းပ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၄/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၄/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။


အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီက ချမှတ်ထားသည့် ဦးတည်ချက်(၄)ရပ်ကို အောင်မြင်အောင် ကဏ္ဍအလိုက် တွန်းအားပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။ **စာမျက်နှာ ၁၈ ကော်လံ ၁**


## ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်း(အိန္ဒိယနိုင်ငံ တမီးနာဒူးကမ်းလွန်)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီးနောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးနာဒူးမြောက်ပိုင်း ပူဒူချယ်ရီမြို့နှင့် အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။







ရတနာပုံ
၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

တန်ဆောင်မုန်းလသည် မြန်မာ့ဆယ့်နှစ်လရာသီတွင် အဋ္ဌမမြောက်လဖြစ်သည်။ 'တန်ဆောင်'သည် မီးရှူးမီးတိုင်(ဆီမီး)ဟုအဓိပ္ပာယ်ရသည်။ တန်ဆောင်မုန်းလ၏ စန်းယှဉ်နက္ခတ်မှာ ကြတ္တိကာ၊ ရာသီမှာ ဗြိစ္ဆာ၊ ရာသီရုပ်မှာ ကင်းမြီးကောက်၊ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်မီးထွန်းပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ ကျီးမနိုးပွဲ၊ ပွဲသကူပစ်ပွဲ၊ ရှင်မာလဲပွဲများအပြင် မဲဇလီဖူးသုပ် ဝေငှသောပွဲများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိသည်သာမက သာမညဖလအခါတော်နေ့၊ အမျိုးသားအောင်ပွဲနေ့ဟူသော နေ့ထူးနေ့မြတ်များကို ကျင်းပကြလေ့ရှိသည်။

တန်ဆောင်မုန်းလတွင် မြတ်စွာဘုရားအား လှူဒါန်းရန် မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးအထင်ကရဘုရားများ၊ စေတီများတွင် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲများကို အိုးစည်၊ ဗုံမောင်းများဖြင့် ညလုံးပေါက်တီး၍ အားပေးကျင်းပကြလေ့ရှိသည်။ မသိုးသင်္ကန်းသည် တန်ဆောင်မုန်းလပြည့်မတိုင်မီညတွင်းချင်း ရက်လုပ်၍ အရုဏ်တက်တွင် လှူဒါန်းသော သင်္ကန်းဖြစ်သည်။ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲများသည် ကုသိုလ်ရေးအတွက်သာမက မြန်မာတို့၏ရိုးရာရက်ကန်းပညာအမွေအနှစ်ကို မပျောက်ပျက်အောင် ထိန်းသိမ်းသောပွဲတော်ဖြစ်ပြီး လောကီလောကုတ်နှစ်ဖြာသောအကျိုးရရှိစေသော ပွဲတော်တစ်ခုလည်းဖြစ်သည်။

ထို့ပြင် တန်ဆောင်မုန်းလတွင် သံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူပွဲများလည်း ကျင်းပကြသည်။ ကထိန်သည် ကထိနဟူသော ပါဠိစကားမှဆင်းသက်၍ မြဲမြံခိုင်ခံ့ခြင်းဟုအဓိပ္ပာယ်ရသည်။ ကထိန်သင်္ကန်းကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်ထိ တစ်လအတွင်းသာ ကပ်လှူရသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကြိမ်၊ တစ်ကြိမ်တွင် တစ်ကျောင်းကိုသာ အချိန်အခါနှင့် လှူဒါန်းရသော အလှူမျိုးဖြစ်၍ ကာလဒါနအလှူအဖြစ် ဗုဒ္ဓဘာသာဝင်များက စေတနာချင်းပြိုင် သဒ္ဓါချင်းပြိုင်ကာ မြိုင်မြိုင်ဆိုင်ဆိုင် ပျော်ပျော်ရွှင်ရွှင် ညီညီညွတ်ညွတ်လှူဒါန်းကြသည်။

တန်ဆောင်မုန်းလသည် သီတင်းကျွတ်လထက် ပို၍ထူးခြားသည်မှာ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်များကို တောင်ကြီးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပကြခြင်းဖြစ်သည်။ ထို့ပြင် တစ်နိုင်တစ်ပိုင် ပွဲသကူပစ်ခြင်း၊ မဲဇလီဖူးသုပ်ဝေငှခြင်းများပြုလုပ်ကြသည်။ ကျေးလက်နယ်တချို့တွင် ရှင်မာလဲပွဲ၊ ကျီးမနိုးပွဲများကို ကျင်းပလေ့ရှိသော်လည်း ယခုအခါ တဖြည်းဖြည်းတိမ်ကောစပြုလာပြီဖြစ်သည်။ သာမညဖလအခါတော်နေ့နှင့် အမျိုးသားအောင်ပွဲနေ့တို့သည် ဘာသာရေးအရ၊ သမိုင်းကြောင်းအရ ယနေ့တိုင် ထင်ရှားစွာကျင်းပနေဆဲပင်ဖြစ်သည်။

သို့ဖြစ်ရာ ပွဲတော်များနှင့်အစည်ကားဆုံး၊ အမြိုင်ဆိုင်ဆုံးကာလဖြစ်သော တန်ဆောင်မုန်းလသည် ကုသိုလ်ရသကဲ့သို့ ပျော်ရွှင်ချမ်းမြေ့ စိတ်နှလုံးကြည်နူးဖွယ်ရာများနှင့်ပြည့်စုံသော လထူးလမြတ်ပင်ဖြစ်ပေသည်။ ထိုသို့ကောင်းကျိုးများစွာဝေဖြာနေမည့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်၏ ကုသိုလ်ရေးပွဲတော်များတွင် အပျော်လွန်၍ မြန်မာ့ယဉ်ကျေးမှုအနှစ်သာရများ ပေါ့ပျက်မှေးမှိန်မလျော့ပါးစေရေး မိဘပြည်သူအပေါင်းက ဝိုင်းဝန်းထိန်းသိမ်းဖော်ဆောင်သင့်ပါကြောင်း အကြံပြုရေးသားအပ်ပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန် **၆၆** ရက်သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်




**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၅)ကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများ ထိခိုက်လျော့နည်းမှု မရှိစေရေး၊ ယာမြေစပါး စိုက်ပျိုးဧရိယာများ အဖြစ်မှ စပါးစိုက်လယ်မြေအဖြစ်သို့ ပြောင်းလဲနိုင်ရေးတို့ကို စံပြုလုပ်ထုံးလုပ်ငန်း(SOP)နှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရေး ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးချစ်ကိုကိုက တိုင်းဒေသကြီး မြေယာအယူခံမှု အမှုတွဲများ၊ လယ်ယာမြေဥပဒေ ပုဒ်မ-၃၀(က)(ခ)အရ အခြားနည်း အသုံးပြုခွင့် လျှောက်ထားလာမှု၊ လယ်ယာမြေဥပဒေပုဒ်မ-၂၈ (ခ) အရ ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့် လျှောက်ထားလာမှုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က စိစစ်တင်ပြရန် လွှဲပြောင်းပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စွန်တာပြာပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ဝက်လက် အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စွန်တာပြာပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၆၀၄၅ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စွန်တာပြာပဲစိုက်ခင်းများကို ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင်ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဝက်လက်မြို့နယ်မှာ စွန်တာပြာပဲ ၆၀၄၅ ကေစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စွန်တာပြာပဲစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စွန်တာပြာပဲစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် စွန်တာပြာပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

စွန်တာပြာပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စွန်တာပြာပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၄၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟသ်ာတမြို့နယ် ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟသ်ာတ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ပြန်လည်ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင် ပါညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိတောက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်သူ ၁၆၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးခဲ့ကြောင်း ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်း ထံမှ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးမောင်မောင်-ဒေါ်ခင်စန်းရီ သား၊ သမီး၊ မြေး မိသားစုတို့က ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ နာယက ဂရိတ်ဦးမြဝင်းနှင့်တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ခင်ဦး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၂၈၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ပဲတီစိမ်း ၆၂၈၀၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းခင်းတွေ လက်ရှိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ ရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပဲသီးနှံ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

**(၂၀၆)**

# ကျိုက်မရောမြို့နယ် ရှမ်းရွာကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျိုက်မရော အောက်တိုဘာ ၂၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရှမ်းရွာကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းလွင်၊ မော်လမြိုင်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့်ဝန်ထမ်းများက ရှမ်းရွာကြီးကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားသည်။

ရှမ်းရွာကြီးကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၃၈ သန်းဖြင့် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရေချိုငါးပိမျိုးစုံပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရေချိုငါးပိမျိုးစုံ ပိဿာချိန် အများအပြားတင်ပို့ရောင်းချခဲ့နိုင်ကြောင်း ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဒေသထွက် ရေချိုငါးပိမျိုးစုံ ပိဿာချိန် ၇၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရေချိုငါးပိမျိုးစုံ ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသထွက် ရေချိုငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အား မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရေချိုငါးပိ ပိဿာချိန် ၁၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖျာပုံမြို့နယ်ကနေ ထုတ်လုပ်ထွက်ရှိတဲ့ ငါးခြောက်တွေ၊ ငါးပိတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငါးပိတွေက စားသုံးသူတွေက ကြိုက်နှစ်သက်တယ်။ ဒေသထွက် ရေချိုငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။အခုလို အရောင်းအဝယ်လဲကောင်း၊ ဈေးကလဲ အဆင်ပြေနေတာကြောင့် ငါးပိလုပ်ငန်းလုပ်တဲ့သူတွေအားလုံး အဆင်ပြေလာပါတယ်"ဟု ဖျာပုံမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရေချိုငါးပိမျိုးစုံတွင် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးပိ၊ ငါးပနော်ငါးပိ ၊ ငါးပြေမငါးပိစသည့် အမျိုးအစားများ အများဆုံး တင်ပို့ရောင်းချခဲ့ကြောင်း၊ အဆိုပါ ရေချိုငါးပိများမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ မှ ၅၅၀၀၀ ထိ အမျိုးအစားအလိုက် ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အညတရစာဆို ပိဋကတ်ဖိုးသား

ဗိုလ်ရှိတ်(ရတနာပူရ)

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်ကုန်ဆုံးသည့်တိုင်အောင် ကာလများအတွင်း မြန်မာစာပေကို ရေးသားပြုစုခဲ့ကြသော စာဆိုတော်ကြီးများစွာ ပေါ်ထွန်းခဲ့သည်။ စာဆိုတော်ကြီးများစွာတွင် လူတန်းစားအသီးသီးမှ ပါဝင်ကြသည်ကိုတွေ့ရသည်။ ခေတ်အဆက်ဆက်စာဆိုတော်များကိုကြည့်လျှင်-

ရဟန်းစာဆို

ရှင်ဘုရင်စာဆို

မိဖုရားစာဆို

မှူးမတ်စာဆို

အမျိုးသားစာဆို

အမျိုးသမီးစာဆို

ပုဏ္ဏားစာဆို

မင်းမှုထမ်းစာဆို

ကျေးလက်နေစာဆို စသည်ဖြင့် နယ်ပယ်အသီးသီးမှပါဝင်ကြသည်ကို တွေ့ရပါသည်။

ထိုစာဆိုတော်များတွင် အချို့စာဆိုတော်များသည် သိသူများထင်ရှားသည်။ ထို့အတူ သူတို့ပြုစုခဲ့သောစာပေများသည်လည်း ထင်ရှားသည်။ ဥပမာအားဖြင့် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရတို့သည် ပထမအင်းဝခေတ်၌ ထင်ရှားသော စာဆိုတော်ကြီးများဖြစ်သကဲ့သို့ ထိုစာဆိုတော်ကြီးများရေးသားခဲ့သော စာပေများသည် သိသူများထင်ရှားပါသည်။

**ကျေးလက်နေစာဆိုများ**

ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သော စာဆိုတော်များတွင် အချို့စာဆိုတော်ကြီးများသည် မင်းနေပြည်တော်ကဲ့သို့သော မြို့ကြီးများတွင် နေထိုင်ပြီး စာပေများ ရေးသားပြုစုကြသည်လည်းရှိသည်။ လက်ဝဲနော်ရထာတို့ကဲ့သို့သော စာဆိုတော်ကြီးများသည် မင်းမှုထမ်းရင်း အင်းဝ၊ ရွှေဘို၊ အမရပူရ စသည့်မြို့ကြီးများ၌ မင်းမှုထမ်းရင်း စာပေများစွာ ရေးသားပြုစုခဲ့သော စာဆိုတော်ကြီးဖြစ်သည်။ အချို့စာဆိုတော်များသည် မင်းနေပြည်တော်၌မနေ ကျေးလက်ဒေသများ၌နေပြီး စာပေများရေးသားပြုစုခဲ့ကြသည့် စာဆိုတော်များရှိသည်။ မောင်းထောင်ဦးကျော်လှ၊ သာဝတ္ထိဦးမျှင်၊ သာဝတ္ထိဦးကြီး စသည့်စာဆိုတော်ကြီးတို့သည် ကျေးလက်တောရွာများ၌နေထိုင်ကာ စာပေရေးသားပြုစုခဲ့ကြသည်။ ကျေးလက်နေစာဆိုတော်များဟု ခေါ်ရန်သင့်ပါသည်။ ကျေးလက်နေစာဆိုတော်များတွင်လည်း သိသူများထင်ရှားသူများရှိသကဲ့သို့ တိမ်မြုပ်နေသော ကျေးလက်နေစာဆိုတော်များလည်းရှိသည်။ မောင်းထောင်ဦးကျော်လှ၊ သာဝတ္ထိဦးမျှင်၊ သာဝတ္ထိဦးကြီးတို့သည် အတော်အတန်သိသူများသေးသည်။ ထိုသူတို့ပြုစုခဲ့သောစာပေများကို စာအုပ်စာတမ်းများတွင် တွေ့မြင်ဖတ်ရှုနိုင်ပါသည်။ မောင်းထောင်ဦးကျော်လှ ရေးခဲ့သော သံချိုများကို စုပေါင်း၍ ထုတ်ဝေထားသောစာအုပ်များရှိသည်။ ထို့အတူ သာဝတ္ထိဦးမျှင်၊ သာဝတ္ထိ ဦးကြီးတို့၏စာပေများကိုလည်း စာအုပ်စာတမ်းတချို့တွင် တွေ့မြင်နိုင်ပါသည်။ ဤစာဆိုတို့သည် သိပ်မတိမ်မြုပ်သေး၊ သိသူများရှိသေးသည်။ ကျေးလက်နေစာဆိုတော်များတွင် သိသူနည်းပြီး လုံးဝတိမ်မြုပ်နေသောစာဆိုများစွာရှိသည်။ ထိုကဲ့သို့တိမ်မြုပ်နေသော ကျေးလက်နေစာဆိုတော်များတွင် ပိဋကတ်ဖိုးသားဟုခေါ်သော အညတရစာဆိုတစ်ဦးလည်းရှိပါသည်။ ပိဋကတ်ဖိုးသားအကြောင်းကား အလွန်တိမ်မြုပ်သည်။ မြို့ကြီးမနေ ကျေးလက်နေ စာဆိုတစ်ဦးဖြစ်သောကြောင့် ပို၍သိသူနည်းသည်။ တိမ်မြုပ်သည်။ ဤဆောင်းပါးတွင် သိသူနည်း တိမ်မြုပ်နေသော အညတရစာဆိုပိဋကတ်ဖိုးသား အကြောင်းကို တတ်အားသရွေ့ ရှာဖွေဖော်ထုတ် တင်ပြပါမည်။

**ပိဋကတ်ဖိုးသား၏ဇာတိမြေ**

ပိဋကတ်ဖိုးသား၏ဇာတိမြေသည် ရေဦးခရိုင် ရေဦးမြို့နယ်၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာ အဝေးတွင်ရှိသော မုံတိုင်ပင်ရွာဖြစ်သည်။ မုံတိုင်ပင်ရွာသို့ ကွင်းဆင်းလေ့လာစဉ်က မုံတိုင်ပင်ရွာဦးကျောင်းရှိ ပေ၊ ပုရပိုက်များကိုလေ့လာရင်း ပိဋကတ်ဖိုးသား၏ဘဝအကြောင်းနှင့် သူ၏စာပေတချို့ကို သိခွင့်ရခဲ့သည်။ ပိဋကတ်ဖိုးသား၏ဘဝအကြောင်းကိုကား ပြည့်ပြည့်စုံစုံသိခွင့်မရသေးပါ။ ပိဋကတ်ဖိုးသားသည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ တံဆိပ်တော်နှစ်ထပ်ရရှိခဲ့သော ပထမမုံတိုင်ပင်ဆရာတော်ကြီးနှင့် ဆွေမျိုးတော်စပ်ကြောင်း သိရသည်။ ထိုအကြောင်းကို ပိဋကတ်ဖိုးသားက-

"ဆရာတော်ကြီး၊ သံဃာထီး၏

ဆွေနီးတော်လှည့်၊ လူတပည့်တည့်"ဟူ၍ လင်္ကာ ရေးစပ်ဖော်ပြခဲ့ပါသည်။

**❖ မုံတိုင်ပင်ကျောင်းသို့ အနယ်နယ်အရပ်ရပ်မှ ဘာသာရေးနှင့် စပ်လျဉ်းသောပြဿနာအရပ်ရပ်ကို လာရောက်မေးမြန်းကြသည်။ ထိုသို့ လာရောက်မေးမြန်းကြသည့်အခါ မုံတိုင်ပင်ဆရာတော်ကြီးထံ တိုက်ရိုက်မမေးမြန်းရပေ။ အရင်ဆုံး ပိဋကတ်ဖိုးသားထံ မေးမြန်းရသည်။ ပိဋကတ်ဖိုးသား မဖြေနိုင်သောပြဿနာကိုသာ ပထမမုံတိုင်ပင်ဆရာတော်ကြီးထံ မေးမြန်းရသည်။ သို့သော် ပြဿနာမေးမြန်းရန်လာသူတို့သည် ဆရာတော်ကြီးထံမရောက်ဘဲ ပိဋကတ်ဖိုးသား ဖြေရှင်းချက်ဖြင့်သာ လှည့်ပြန်ရသည်သာများသည်။ ထိုသို့ အစဉ်အဆက်ပြောစမှတ်တွင် အောင်ပင်ပိဋကတ်ဖိုးသားသည် စာပေပရိယတ္တိအရာ၌ တတ်ကျွမ်းသည်။ ❖**

ပိဋကတ်ဖိုးသားသည် ပထမမုံတိုင်ပင်ဆရာတော်ကြီးနှင့်ဆွေမျိုးတော်စပ်သည်။ မွေးဖွားရာဇာတိမှာ မုံတိုင်ပင်ရွာဖြစ်သည်။ အမိ၊ အဖနာမည်ကို မသိရပေ။ ပိဋကတ်စာပေပညာများကို ပထမမုံတိုင်ပင်ဆရာတော်ကြီးထံမှပင် သင်ကြားခဲ့သည်။ ပိဋကတ်ဖိုးသား၏ မွေးဖွားနှစ်ကိုလည်း မသိရသလို ကွယ်လွန်နှစ်ကိုလည်း မသိရသေးပါ။ ပိဋကတ်ဖိုးသားနှင့်စပ်လျဉ်း၍ အစဉ်အဆက်ပြောစကားများရှိပါသည်။ ပိဋကတ်ဖိုးသားသည် ပိဋကတ်စာပေများကို ဆရာကောင်းတပည့်ဆိုသလို အကုန်အစင်တတ်မြောက်သည်။ မုံတိုင်ပင်ဆရာတော်ကြီး သီတင်းသုံးသည့်မုံတိုင်ပင်ကျောင်း၌ပင်နေသည်။ မုံတိုင်ပင်ကျောင်းသို့ အနယ်နယ်အရပ်ရပ်မှ ဘာသာရေးနှင့်စပ်လျဉ်းသော ပြဿနာအရပ်ရပ်ကို လာရောက်မေးမြန်းကြသည်။ ထိုသို့လာရောက်မေးမြန်းကြသည့်အခါ မုံတိုင်ပင်ဆရာတော်ကြီးထံ တိုက်ရိုက်မမေးမြန်းရပေ။ အရင်ဆုံးပိဋကတ်ဖိုးသားထံ မေးမြန်းရသည်။ ပိဋကတ်ဖိုးသား မဖြေနိုင်သောပြဿနာကိုသာ ပထမမုံတိုင်ပင် ဆရာတော်ကြီးထံ မေးမြန်းရသည်။ သို့သော် ပြဿနာမေးမြန်းရန်လာသူတို့သည် ဆရာတော်ကြီးထံမရောက်ဘဲ ပိဋကတ်ဖိုးသား ဖြေရှင်းချက်ဖြင့်သာ လှည့်ပြန်ရသည်သာများသည်။ ထိုသို့ အစဉ်အဆက်ပြောစမှတ်တွင်အောင်ပင် ပိဋကတ်ဖိုးသားသည် စာပေပရိယတ္တိအရာ၌ တတ်ကျွမ်းသည်။ အရပ်လေးမျက်နှာမှ လာရောက်သော ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးသောကြောင့် အရပ်လေးမျက်နှာတွင် ပိဋကတ်ဖိုးသားဟု ကျော်စောသည်။ ထိုအကြောင်းကို ပိဋကတ်ဖိုးသားက လင်္ကာစီကုံး၌ ထားခဲ့သည်မှာ-

"ဇဝနဉာဏ်၊ တိက္ခဉာဏ်နှင့်

နက်ဉာဏ်ရှင်ဉာဏ်၊ အတန်တန်တည့်

မြင်ဖန်များလေ၊ အထွေထွေနှင့်

စုံလေသောအား၊ မောင်ရွှေသားဟု

လေးပါးရပ်ခွင်၊ ကျော်စောထင်၏"ဟူ၍ဖြစ်သည်။

ပိဋကတ်ဖိုးသားဟု ယခုတိုင် အစဉ်အမှတ်ခေါ်နေကြသော်လည်း အမှန်က သူ၏အမည်မှာ ရွှေသားဖြစ်သည်။ ထိုအကြောင်းကို ပိဋကတ်ဖိုးသား ရေးသားပြုစုခဲ့သောစာပေများ၌ တွေ့ရပါသည်။ ပိဋကတ်ဖိုးသား အမည်သည် ရွှေသားဖြစ်ကြောင်းနှင့် သူ၏ဇာတိသည် မုံတိုင်ပင်ရွာဖြစ်ကြောင်းကို ပိဋကတ်ဖိုးသား ရေးသားပြုစုခဲ့သော ဘုံလင်္ကာကျမ်းပြီးနိဂုံး၌-

"ကဗျာပြုဘိ၊ မြတ်ကဝိကား

ဘမိနှစ်ဦး၊ ချစ်ကြည်နူး၍

ရောင်ကူးယှက်နေ၊ ဥသစ်ရွှေနှင့်

တူလေသမှု၊ အကြောင်းပြု၍

သုဝဏ္ဏပုတ္တ၊ ပါဠ်ဖြင့်ပြ၏

သုဝဏ္ဏကို၊ ရွှေဟုဆိုလေ့

ပါဠ်ထိုပုတ္တ၊ သားကိုရ၏

နှစ်ဝစပ်ထွေ ခေါ်ကြပေ၏

ဂုဏ်နေထူးဘိ အာစရိလည်း

ပါဠိအဋ္ဌကထာ ကျမ်းဋီကာက

သဒ္ဒါပရမတ်၊ ပုဒ်နှင့်ပါဠ်ကို

လူတတ်လက္ခဏာ၊ ပြီးစိမ့်ငှာ၏

မေတ္တာရှေးရှု၊ သင်တော်မူသည်

နည်းတူထွေပြား၊ ကျေးဇူးအားဖြင့်

လေးပါးပွဲဘောင်၊ ပညာရောင်ဖြင့်

ဂုဏ်ရောင်နက်လေး၊ သူ့အမေးကို

မနေးလျင်စွာ၊ ဖြေသည်တာကြောင့်

ဗိုလ်ပါခြားမြတ်၊ ပိဋကတ်ဟု

ပညတ်တတန်၊ ခေါ်ကြပြန်၏

ရပ်တန်နဂို၊ သိမှတ်လိုလည်း

မင်္ဂိုလ်သာခေါင်၊ ဟိုကမ်းဘောင်သို့

ရည်ဆောင်ရှေးရှု၊ ရွယ်မှန်ပြုသား

များထုစေတီ၊ ဝင်းရွှေနီနှင့်

လီလီထူးဆန်း၊ ရှုမခမ်းတည်း

အုန်းထန်းဝေမြိုင်၊ ရွာရွှေတိုင်သည်

ပြန့်လှိုင်သတင်း၊ မွေးကြူတည်း" ဟူ၍ ရေးဖွဲ့ထားသည်။

အထက်ပါဘုံလင်္ကာနိဂုံးအရ ပိဋကတ်ဖိုးသားကို မုံတိုင်ပင်ရွာက မိဘနှစ်ပါးက မွေးဖွားခဲ့ကြောင်း၊ အမည်မှာ ဦးရွှေသားဖြစ်ကြောင်း၊ အနယ်နယ်အရပ်ရပ်က မေးလာသမျှမေးခွန်းများကို ကျမ်းဂန်အထောက်အထားနှင့်တကွ ဖြေဆိုနိုင်သောကြောင့် အများပြည်သူက ပိဋကတ်ဟူ၍ အမည်ရှေ့တွင်ထည့်ခေါ်ခဲ့ကြောင်းတို့ကို သိနိုင်ပါသည်။

**ပြုစုခဲ့သော စာပေများ**

ပိဋကတ်ဖိုးသားသည် စာပေကျမ်းဂန်များ ပြုစုခဲ့သောစာဆိုတစ်ဦးပင်ဖြစ်သည်။ ပိဋကတ်ဖိုးသား ပြုစုခဲ့သော စာပေများကို ရှာဖွေရာတွင် ကျမ်းပေါင်းလေးကျမ်းစာရင်းတွေ့ရပါသည်။ ထိုလေးကျမ်းမှာ-

၁။ ဗုဒ္ဓဝင်ဆောင်ပုဒ်လင်္ကာ

၂။ ဘုံလင်္ကာ

၃။ သဒ္ဒါဝပုနကျမ်း

၄။ နိဗ္ဗာန်လက်ကသုံးကျမ်းတို့ဖြစ်သည်။ ထိုလေးကျမ်းအပြင် အခြားပြုစုခဲ့သောကျမ်းများလည်းရှိနိုင်ပါသေးသည်။ ယခုရှာတွေ့ရသမျှ စာရင်းအရသာ လေးကျမ်းပြုစုခဲ့သည်ဟုဆိုရခြင်းဖြစ်သည်။ မုံတိုင်ပင်ကျောင်းပိဋကတ်တိုက်၌ ပိဋကတ်ဖိုးသားပြုစုခဲ့သော ကျမ်းနှစ်ကျမ်းကို ပေမူဖြင့်တွေ့ရပါသည်။ ထိုနှစ်ကျမ်းမှာ ဗုဒ္ဓဝင်ဆောင်ပုဒ်လင်္ကာကျမ်းနှင့် ဘုံလင်္ကာကျမ်းတို့ဖြစ်သည်။ ဗုဒ္ဓဝင်ဆောင်ပုဒ်လင်္ကာကျမ်းသည် ၂၈ ဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကို အကျဉ်းသီကုံး၍ရေးဖွဲ့ထားသောကျမ်းဖြစ်သည်။ ဗုဒ္ဓဝင်ဆောင်ပုဒ်လင်္ကာဟုဆိုသည့်အတိုင်း လေးလုံးစပ်လင်္ကာဖြင့် ရေးဖွဲ့ထားသည်။ ဘုရားရှင်တို့၏ အမည်၊ မယ်တော်၊ ခြင်ယာတော်၊ တောထွက်ချိန်၊ အမိုပြုရာသစ်ပင်၊ သားတော်များ၊ တောထွက်ရာတွင်စီးနင်းရာယာဉ်၊ ဒုက္ကရစရိယာကျင့်သောအချိန် စသည်ဖြင့် ၂၈ ဆူ သော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကို အကျဉ်းဖွဲ့ဆိုထားသည်ကို တွေ့ရသည်။ ဗုဒ္ဓဝင်ဆောင်ပုဒ်လင်္ကာသည် လင်္ကာပိုဒ်ရေပေါင်း ၃၆ ပိုဒ်ရှိသည်။

ဘုံလင်္ကာသည် ဗုဒ္ဓစာပေကျမ်းဂန်များ၌ လာရှိသော သုံးဆယ့်တစ်ဘုံအကြောင်းကို လင်္ကာဖြင့်သီကုံးထားခြင်းဖြစ်သည်။ ဘုံလင်္ကာသည် စာပိုဒ်ရေ ၁၈ ပိုဒ်ပါရှိသည်။ ပိဋကတ်ဖိုးသား၏ ကဗျာဉာဏ်အရည်အချင်းကိုသိသာစေရန် ဘုံလင်္ကာမှ ပဏာမအပိုဒ်ရေတစ်ကို ထုတ်ပြပါဦးမည်။

"ငါအတ္တဘော၊ ပညတ်ဟောသည်

သေနှောဇေဌ္ဌော၊ သုဂတောတည့်

ဗုဒ္ဓေါမုနိ၊ မာရဇိနှင့်

မုနိပုင်္ဂဝ၊ အတုလက

လောကဝိဒူ၊ သယမ္ဘူတည့်

ပြောထူဂုဏ်အား၊ ပညတ်များတွင်

ထင်ရှားဖြစ်သည်၊ ပျက်တတ်သည်ကို

နှိုင်းရှည်ဉာဏ၊ သိသည်မှုကြောင့်

လောကဝိဒူ၊ မည်တော်မူ၏

သုံးလူ့ထွဋ်ထား၊ မြတ်ဘုရားနှင့်

တရားသံဃာ၊ ထေရ်ဆရာကို

သီသာဦးဖြင့်၊ ပန်ဘို့ဆင်၍

ဉာဏ်လျှင်ပျိုနု၊ ပုဂ္ဂိုလ်စုတို့

မှတ်မှုမှတ်ရန်၊ စာတန်းကန်သည်

နိဗ္ဗာန်သီဝ ရွယ်ခြူးတည်း"

မြန်မာစာပေသမိုင်းတစ်လျှောက်တွင် ပေါ်ထွန်းခဲ့သောစာဆိုများစွာရှိသည်။ သိသူများ ထင်ရှားသော စာဆိုများစွာရှိသလို ပိဋကတ်ဖိုးသားကဲ့သို့ တိမ်မြုပ်နေသောစာဆိုများလည်း များစွာရှိပါသည်။ တိမ်မြုပ်နေသော စာဆိုတော်များကိုဖော်ထုတ်ရန် သုတေသီတို့တွင် များစွာတာဝန်ရှိသည်။ ရှေးစာဆိုတို့၏ကျေးဇူးကြောင့် မြန်မာနိုင်ငံသည် ကိုယ်ပိုင်စာပေရှိသောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်လျက်ရှိသည်။ ထို့ကြောင့် ရှေးစာဆိုတို့၏ကျေးဇူးကို သိတတ်သောအားဖြင့် အနယ်နယ်အရပ်ရပ်ရှိ ပေ၊ ပုရပိုက်များကို ကြည့်ရှုလေ့လာပြီး ပိဋကတ်ဖိုးသားကဲ့သို့ တိမ်မြုပ်နေသော အညတရစာဆိုတော်များကို ဝိုင်းဝန်းဖော်ထုတ်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘ၀မှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## လောဘနွံ

- လိုချင်ရမွက် ရှေ့ဆက်လှမ်းကာ
  စာနာမှုများ မထားစိတ်မှာ
  ငါသာရရေး ငါတွေးမှုဟာ
  အပူရုပ် ပြုလုပ်ခြင်းမည်တာ။

- ပရရှောင်ရှား လူသားမမည်
  အတ္တကိုယ်ကျိုး မျှော်ကိုးရွယ်ရည်
  လူနတ်ချစ်ခြင်း ပျက်ယွင်းစေသည်
  လူဖြစ်ရှုံး အမုန်းလူတို့ပြည်။

- ငါသာရရှိ ပီတိဖြာဝေ
  ငါမဟုတ်က ဒေါသမပြေ
  ငါမှ ငါပဲ ဆင်နွဲကာနေ
  ငါ အသိ မှန်၏ ထင်မြင်ပေ။

- လောဘလှိုင်းလုံး ရစ်ထုံးနေစဉ်
  မြင်လွှာပိတ်ဖုံး အပြုံးဟုထင်
  တဖြည်းဖြည်းချင်း နစ်ရင်းနစ်ဝင်
  နွံအရေး ဟိုငေးသည်ငေးပင်။ ။

ဇေဒါမောင်(ပညာရေး)

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၄၈၅၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၄၈၅၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၉၃၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၄၈၅၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၄၀ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲ ၁၆၉၃၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲစိုက်ခင်းတွေ အခုလက်ရှိ နုတ်သိမ်းနေတာမှာ ဒီနေ့ထိ ၁၄၈၅၂ ဧက နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇေယျာသီရိမြို့နယ် သစ်တပ်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သက်နှင်းအင်းကျေးရွာအုပ်စု သစ်တပ်ကလေးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က စီမံကိန်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ လက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သစ်တပ်ကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀ ကို ငွေကျပ် ၂၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ်နှစ်သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၁၁၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လူး**

# စဉ့်ကိုင်မြို့နယ် ကြည်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ကြည်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိမရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြည်ရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ဦးကို ငွေကျပ် ၂၉ ဒသမ ၈ သန်းနှင့် အရောင်းအဝယ်လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄ ဒသမ ၃ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၇ ဦးကို ရန်ပုံငွေကျပ် ၄၉ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**



## နိုင်ငံတကာ သတင်းများ

# နိုင်ဂျီးရီးယား၌ လောင်စာဆီတင်ယာဉ်တိမ်းမှောက် ပေါက်ကွဲမှုကြောင့် အနည်းဆုံး ၃၅ ဦးသေဆုံး



**အဘူဂျာ အောက်တိုဘာ ၂၂**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း နိုင်ဂျာပြည်နယ်၌ အောက်တိုဘာ ၂၁ ရက်က လောင်စာဆီတင်ယာဉ် တစ်စီး တိမ်းမှောက်ခဲ့ပြီးနောက် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၃၅ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

လောင်စာဆီတင်ယာဉ် တိမ်းမှောက်ခဲ့ပြီးနောက် ယိုဖိတ်ထွက်လာသည့် လောင်စာဆီများကို ရယူရန် ဒေသခံများစုရုံးရောက်ရှိလာစဉ် မော်တော်ယာဉ်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လောင်စာဆီတင်ယာဉ် ပေါက်ကွဲမှုတွင် လူ ၁၇ ဦးလည်း ဒဏ်ရာများ ရရှိခဲ့ရာ ဆေးရုံသို့ပို့ဆောင်ထားကြောင်း နိုင်ဂျာပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပိုက်လိုင်းအခြေခံအဆောက်အအုံကဏ္ဍ အားနည်းချက်များကြောင့် ရေနံထွက်ပစ္စည်းများကို သယ်ယူ ပို့ဆောင်ရေးအတွက် အကြီးစားလောင်စာဆီတင်ယာဉ်များနှင့် ကုန်းလမ်းခရီးတို့ကို အားပြုနေရမှုကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၌ လောင်စာဆီတင်ယာဉ် မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။

ယခုနှစ် ဇန်နဝါရီလကလည်း နိုင်ဂျာပြည်နယ်၌ ဓာတ်ဆီတင်ယာဉ်တစ်စီးပေါက်ကွဲခဲ့ရာ ယင်းမော်တော်ယာဉ်ပေါ်မှဓာတ်ဆီများ ထုတ်ယူရန်ကြိုးစားနေသူ အနည်းဆုံး ၉၈ ဦး သေဆုံးခဲ့ရသည်။

နိုင်ဂျီးရီးယား၌ ဖြစ်ပွားသည့် လောင်စာဆီတင်ယာဉ် မတော်တဆမှုများသည် အများအားဖြင့် လမ်းများ ဆိုးရွားမှုကြောင့် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO



# လီမာမြို့နှင့် ကယ်လာအိုပြည်နယ်တို့၌ အရေးပေါ် အခြေအနေပြဋ္ဌာန်းချက် ပီရူးသမ္မတကြေညာ

**လီမာ အောက်တိုဘာ ၂၂**

ပီရူးသမ္မတသစ် ဟိုဆေးဂျာရီသည် လီမာမြို့နှင့် ကယ်လာအိုပြည်နယ်တို့၌ ရက်ပေါင်း ၃၀ သက်တမ်းရှိအရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို အောက်တိုဘာ ၂၁ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

ရာဇဝတ်မှုဖြစ်ပွားနှုန်းမြင့်တက်လာမှုပြဿနာကို ကိုင်တွယ်ရေးအတွက် လီမာမြို့နှင့် ကယ်လာအိုပြည်နယ်တို့၌ သမ္မတ ဟိုဆေးဂျာရီက အရေးပေါ်အခြေအနေပြဋ္ဌာန်း ကြေညာခဲ့ခြင်းဖြစ်သည်။

အောက်တိုဘာ ၂၁ ရက် ညဉ့်သန်းခေါင်ယံတွင် စတင်အာဏာသက်ဝင်ခဲ့သည့် အဆိုပါအရေးပေါ်အခြေအနေပြဋ္ဌာန်းချက်အရ ရာဇဝတ်မှုများကို နှိမ်နင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လက်နက်ကိုင်တပ်ဖွဲ့ဝင်များကိုလည်း ဖြန့်ကြက်နိုင်မည်ဖြစ်သည်။

သမ္မတဟောင်း ဒီနာဘိုလေ့တီကို ပီရူးကွန်ဂရက်လွှတ်တော်က ရာထူးမှဖယ်ရှားခဲ့ပြီးနောက် ပီရူးသမ္မတရာထူးကို အောက်တိုဘာ ၁၀ ရက်တွင် ဟိုဆေးဂျာရီက စတင်ရယူခဲ့ခြင်းဖြစ်သည်။

ပီရူးပြည်သူများရင်ဆိုင်နေရသည့် ရာဇဝတ်မှုဖြစ်ပွားနှုန်းမြင့်တက်လာမှုကို ဦးစားပေးဖြေရှင်းမည်ဖြစ်ကြောင်း သမ္မတ ဟိုဆေးဂျာရီက ပြောကြားထားသည်။

သမ္မတဟောင်း ဒီနာဘိုလေ့တီသည်လည်း ရာဇဝတ်မှုဖြစ်ပွားနှုန်းမြင့်တက်လာမှု ပြဿနာအတွက် ယခုနှစ် မတ်လတွင် ရက် ၃၀ သက်တမ်းရှိ အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကိုကြေညာခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ယူဂန်ဒါနိုင်ငံအနောက်ပိုင်း၌ ယာဉ်မတော်တဆမှုဖြစ်ပွား အနည်းဆုံး လူ ၄၆ ဦး သေဆုံးခဲ့ရ



**ကမ်ပါလာ အောက်တိုဘာ ၂၂**

ယူဂန်ဒါနိုင်ငံ အနောက်ပိုင်း အဝေးပြေးလမ်းတစ်ခုပေါ်၌ ခရီးသည်တင် ဘတ်စကားနှစ်စီးနှင့် အခြားမော်တော်ယာဉ် နှစ်စီးတို့ ပါဝင်သော ယာဉ်တိုက်မှုတစ်ခု ယနေ့တွင်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၆ ဦး သေဆုံးခဲ့ရသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်တွင် ဆန့်ကျင်ဘက်လမ်းကြောင်းများအတိုင်း မောင်းနှင်နေသော ခရီးသည်တင် ဘတ်စကားနှစ်စီးက အခြားမော်တော်ယာဉ်များကို ကျော်တက်ရန် ကြိုးစားစဉ် ခေါင်းချင်းဆိုင်ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်မတော်တဆမှုအတွင်း ဒဏ်ရာရသူအများအပြားလည်းရှိခဲ့ကြောင်း ယူဂန်ဒါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်မတော်တဆမှုအတွင်း သေဆုံးခဲ့သူ၊ ဒဏ်ရာရရှိခဲ့သူများအတွက် ဝမ်းနည်းစာနာထောက်ထားမိကြောင်း ယူဂန်ဒါသမ္မတ မူဆီဗီနီက ကြေညာချက်ထုတ်ပြန်ထားသည်။

လမ်းများကျဉ်းမြောင်းဆိုးရွားမှုကြောင့် အရှေ့အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သော ယူဂန်ဒါနိုင်ငံ၌ လူအသေအပျောက် များသောယာဉ်မတော်တဆမှုများ ဖြစ်ပွားလေ့ရှိသည်။

ယူဂန်ဒါအစိုးရက ထုတ်ပြန်ထားသော ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၅၁၄၄ ဦးထိ ရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဒိုမီနီကန်နိုင်ငံ၌ သတ္တုတွင်းပြိုကျမှုကြောင့် အလုပ်သမားဦးရေ ၈၀ ကို အောင်မြင်စွာကယ်ထုတ်

**စန်တိုဒိုမင်ဂို အောက်တိုဘာ ၂၂**

ဒိုမီနီကန်သမ္မတနိုင်ငံ၌ သတ္တုတွင်းတစ်တွင်း တစ်စိတ်တစ်ပိုင်း ပြိုကျခဲ့ပြီးနောက် ပိတ်မိနေသော အလုပ်သမားဦးရေ ၈၀ကို ရှာဖွေကယ်ဆယ်ရေး သမားများက အောက်တိုဘာ ၂၁ ရက်တွင် ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

သတ္တုတွင်း ပြိုကျမှုတွင် မည်သူ တစ်ဦး တစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုမရှိခဲ့ကြောင်း ဒိုမီနီကန်တာဝန်ရှိသူများက ပြောကြားထားသည်။

တစ်စိတ်တစ်ပိုင်း ပြိုကျမှုဖြစ်ပွားခဲ့ရသည့် သတ္တုတွင်းမှာ သွပ်နှင့်ကြေးနီ သတ္တုတွင်းဖြစ်ပြီး ဖွန်ဆီနောနိုအယ်လ် ပြည်နယ်၌ တည်ရှိကြောင်း သိရသည်။

သတ္တုတွင်းပြိုကျမှုဖြစ်ပွားစဉ် အဆိုပါ အလုပ်သမား ဦးရေ ၈၀ တို့မှာ သတ္တုတွင်းမြေအောက် ဘေးကင်း လုံခြုံသည့်နေရာ၌ ရောက်ရှိနေကြကြောင်း ဒိုမီနီကန်သမ္မတနိုင်ငံစွမ်းအင်နှင့် သတ္တုတွင်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါသတ္တုတွင်းကို ဩစတြေးလျနိုင်ငံအခြေစိုက် ပီရီလ်ယာကုမ္ပဏီလက်အောက်ခံ ဒိုမီကန်သတ္တုတူးဖော်ရေးကော်ပိုရေးရှင်းက လုပ်ငန်းလည်ပတ်နေသော သတ္တုတွင်းဖြစ်သည်။

အဆိုပါသတ္တုတွင်း၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း တစ်စိတ်တစ်ပိုင်း ပြိုကျခဲ့ရာ အလုပ်သမားတစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တာတိုပစ်ဒုံးကျည်များ မြောက်ကိုရီးယားနိုင်ငံ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော် သတင်းထုတ်ပြန်

**ဆိုးလ် အောက်တိုဘာ ၂၂**

မြောက်ကိုရီးယားနိုင်ငံသည် ယနေ့တွင် တာတိုပစ်ဒုံးကျည်များအဖြစ် ယူဆရသော ဒုံးကျည်များကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တာတိုပစ် ဒုံးကျည်များအဖြစ် ယူဆရသည့်ဒုံးကျည်များကို မြောက်ကိုရီးယားနိုင်ငံက ပြုံယမ်းမြို့အနီး နေရာတစ်ခုမှ တစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ပစ်လွှတ်ပြီးနောက် အဆိုပါ တာတိုပစ် ဒုံးကျည်များသည် အကွာအဝေး၂၁၇ မိုင်ထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားတပ်မတော်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူးမြို့၌ အာရှ-ပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်) ထိပ်သီးညီလာခံမကျင်းပမီ ရက်သတ္တပတ်အလိုတွင် တာတိုပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

ယောင်ဂျူးမြို့၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁ ရက်ထိ ကျင်းပမည့် အေပက်ထိပ်သီးညီလာခံသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်အပါအဝင် အေပက်နိုင်ငံ ၂၁ နိုင်ငံတို့မှ ခေါင်းဆောင်များ တက်ရောက်ကြမည်ဖြစ်သည်။


မြောက်ကိုရီးယား နိုင်ငံသည် နောက်ဆုံးအကြိမ် တာတိုပစ်ဒုံးကျည်စမ်းသပ်မှုကို ယခုနှစ် မေ ၈ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်သိပ္ပံအကယ်ဒမီက တည်ဆောက်ထားသော AIMS နေလေ့လာရေး ရေဒီယိုတယ်လီစကုပ်က စူးစမ်းလေ့လာရေးလုပ်ငန်းစဉ်များ စတင်နေ



**ပေကျင်း အောက်တိုဘာ ၂၂**

တရုတ်သိပ္ပံ အကယ်ဒမီက တည်ဆောက်ထားသော AIMS နေလေ့လာရေး ရေဒီယိုတယ်လီစကုပ်သည် စူးစမ်းလေ့လာရေး လုပ်ငန်းစဉ်များ စတင်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများအရ သိရသည်။

AIMS နေလေ့လာရေးရေဒီယို တယ်လီစကုပ်သည် နေ၏သံလိုက် စက်ကွင်းနယ်မြေကို အဓိကထား လေ့လာမည်ဖြစ်ကြောင်း တရုတ်သိပ္ပံအကယ်ဒမီက သတင်းထုတ်ပြန်ထားသည်။

နေ၏ သံလိုက်စက်ကွင်းနယ်မြေသည် နေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုများကို တွန်းအားပေးနေသော နယ်မြေဖြစ်ကြောင်း သိရသည်။

တရုတ်သိပ္ပံအကယ်ဒမီသည် AIMS နေလေ့လာရေး ရေဒီယို တယ်လီစကုပ်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချင်းဟိုင်ပြည်နယ် လန်းယူမြို့၌ ၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြောင်း သိရသည်။

AIMS နေလေ့လာရေးရေဒီယို တယ်လီစကုပ်သည် နေ၏ သံလိုက်စက်ကွင်း နယ်မြေကို အနီအောက်ရောင်ခြည် လှိုင်းအလျားဖြင့် လေ့လာမည်ဖြစ်ကြောင်း သိရသည်။

AIMS နေလေ့လာရေးရေဒီယို တယ်လီစကုပ်ကြောင့် တရုတ်နိုင်ငံ၏ နေမျက်နှာပြင်လှုပ်ရှားမှု စောင့်ကြည့်နိုင်စွမ်း ပိုမိုမြင့်မား လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## C/2025 A6 ကြယ်တံခွန်နှင့် C/2025 R2 ကြယ်တံခွန်တို့က ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်များမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၂**

C/2025 A6 ကြယ်တံခွန်နှင့် C/2025 R2 ကြယ်တံခွန်တို့သည် အောက်တိုဘာ ၂၁ ရက်က ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်များမှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြကြောင်း သိရသည်။

အောက်တိုဘာ ၂၁ ရက်က C/2025 A6 ကြယ်တံခွန်သည် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၅၆ သန်းအကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အလားတူ C/2025 R2 ကြယ်တံခွန်သည်လည်း အောက်တိုဘာ ၂၁ ရက်က ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၂၄ သန်းအကွာမှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။

C/2025 A6 ကြယ်တံခွန်နှင့် C/2025 R2 ကြယ်တံခွန်တို့၏ အလင်းအားများသည် အောက်တိုဘာ ၂၁ ရက်တွင် အမြင့်ဆုံး အဆင့်သို့ ရောက်ရှိခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။



ကမ္ဘာဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းချိန်တွင် အဆိုပါ ကြယ်တံခွန် နှစ်စင်းစလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရှားရှားပါးပါး တွေ့မြင်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

C/2025 A6 ကြယ်တံခွန်ကို ယခုနှစ် ဇန်နဝါရီလတွင် တွေ့ရှိခဲ့ပြီး C/2025 R2 ကြယ်တံခွန်ကို ယခုနှစ် စက်တင်ဘာလတွင် တွေ့ရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အနောက်ဩစတြေးလျပြည်နယ် ပီလ်အာရာဒေသသို့ အာကာသအမှိုက်အဖြစ်ယူဆရသော အစိတ်အပိုင်းတစ်ခုကျရောက်ခဲ့

**ကင်ဘာရာ အောက်တိုဘာ ၂၂**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပီလ်အာရာဒေသသို့ ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာသည့် အာကာသအမှိုက်အဖြစ်ယူဆရသော အစိတ်အပိုင်းတစ်ခုကျရောက်ခဲ့ကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ပီလ်အာရာ ကန္တာရဒေသ၌ ကျရောက်ခဲ့သည့် အဆိုပါအရာဝတ္ထုသည် အသုံးပြုပြီးဒုံးပျံတစ်စင်း၏ အစိတ်အပိုင်းဖြစ်နိုင်ကြောင်း ဩစတြေးလျအာကာသ အေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါအရာဝတ္ထု၏ အရွယ်အစားနှင့် အလေးချိန်ကဲ့သို့ အသေးစိတ် အချက်အလက်များကို ဩစတြေးလျအာကာသ အေဂျင်စီက ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

နိုင်ငံတကာ အာကာသ အေဂျင်စီများနှင့် ပုဂ္ဂလိက အာကာသ အေဂျင်စီများသည် အသုံးပြုပြီး ဒုံးပျံအစိတ်အပိုင်းများနှင့် သက်မဲ့ဂြိုဟ်တုများကို ကမ္ဘာ့လေထုလွှာအတွင်းပြန်လည် ဝင်ရောက်စေခြင်းဖြင့် ဖျက်ဆီးတတ်ကြောင်း သိရသည်။

သို့ရာတွင် ကမ္ဘာ့လေထုလွှာ အတွင်းသို့ ပြန်လည်ဝင်ရောက်ရာတွင် လောင်ကျွမ်းပြိုပျက်ခြင်းမရှိသည့် အစိတ်အပိုင်းတချို့ ကမ္ဘာမြေပေါ်သို့ ကျရောက်လာတတ်ကြောင်း၊ ပြီးခဲ့သည့်နှစ်များအတွင်း ဂြိုဟ်တုနှင့် အာကာသယာဉ်လွှတ်တင်မှုများ မြင့်မားလာသည်နှင့်အမျှ အာကာသအမှိုက်များ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မှုမြင့်မားလာခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## mRNA ကိုဗစ်ကာကွယ်ဆေးများက ကင်ဆာရောဂါခုခံအားစနစ်ကုထုံးများ၏ အာနိသင်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိ

**နယူးယောက် အောက်တိုဘာ ၂၂**

mRNA ကိုဗစ်ကာကွယ်ဆေးများသည် ကင်ဆာရောဂါခုခံအားစနစ်ကုထုံးများ၏ အာနိသင်ကို မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသန ပညာရှင်များက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ခုခံအားစနစ်ကုထုံးမခံယူမီ ရက်ပေါင်း ၁၀၀ အတွင်း mRNA ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားသူများသည် ပုံမှန်ထက် သက်တမ်းပိုရှည်နေတတ်ကြောင်း သိရသည်။

ကင်ဆာရောဂါအတွက် ခုခံအားစနစ်ကုထုံးခံယူသူ လူနာများ အနက် ၂၀ ရာခိုင်နှုန်းခန့်သည်သာ ခုခံအားစနစ်ကုထုံးများကို တုံ့ပြန်နိုင်စွမ်းရှိရာ ခုခံအားစနစ်ကုထုံးများ၏ထိရောက်မှုကို မြှင့်တင်နိုင်မည့်နည်းလမ်းများကို နိုင်ငံတကာ ဆေးပညာရှင်များက ရှာဖွေလျက်ရှိကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏ ပဏာမအဆင့် လက်တွေ့စမ်းသပ်မှုများအရ mRNA ကိုဗစ်ကာကွယ်ဆေးများသည် ကင်ဆာရောဂါခုခံအားစနစ်ကုထုံးများ၏ ထိရောက်မှုကို မြှင့်တင်ပေးနိုင်မည့်အလားအလာရှိကြောင်း၊ သို့ရာတွင် mRNAကိုဗစ်ကာကွယ်ဆေးများ၏ ကင်ဆာရောဂါခုခံအားစနစ် ကုထုံးများအပေါ် အကျိုးသက်ရောက်မှုကို လေ့လာရေးအတွက် လူနာများဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ရန်လိုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အူမကြီးကင်ဆာလူနာများ ခွဲစိတ်ပြီးနောက် ဓာတုကုထုံးခံယူရန် လိုအပ်မှု ရှိ၊ မရှိကို သွေးစစ်နည်းဖြင့် ဖော်ထုတ်နိုင်ဖွယ်ရှိ

**ကင်ဘာရာ အောက်တိုဘာ ၂၂**

အူမကြီးကင်ဆာရောဂါလူနာများ ခွဲစိတ်မှုခံယူပြီးနောက် ဓာတုကုထုံးခံယူရန် လိုအပ်မှု ရှိ၊ မရှိကို သွေးစစ်နည်းဖြင့် ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၂၁ ရက်တွင် ပြောကြားသည်။

အူမကြီးကင်ဆာ လူနာများအနက် သုံးပုံတစ်ပုံခန့်မှာ ရောဂါအခြေအနေ အဆင့် (၃) အရောက်တွင် ရောဂါစစ်ဆေးတွေ့ရှိခဲ့ကြသူများဖြစ်ကြသည်။

အူမကြီးကင်ဆာ အဆင့် (၃) ကို ကုသရာတွင် ကင်ဆာဆဲလ်များကို ခွဲစိတ်ဖယ်ရှား၍ ရောဂါတစ်ကျော့ပြန် ပေါ်လာနိုင်ခြေကို တားဆီးရန် ဓာတုကုထုံးများပေးလေ့ရှိကြောင်း သိရသည်။

သို့ရာတွင် အူမကြီးကင်ဆာအဆင့် (၃) လူနာများအနေဖြင့် ခွဲစိတ်မှုခံယူပြီးပါက ဓာတုကုထုံးရယူရန် လို၊ မလိုကို CT DNA ခေါ် သွေးစစ်နည်းဖြင့် ဖော်ထုတ်နိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

ခွဲစိတ်ပြီးနောက် CT DNA စစ်ဆေးချက်အရ သွေးအတွင်း ကင်ဆာဆဲလ်မျိုးဗီဇမော်လီကျူး အပိုင်းအစများ ကင်းစင်နေသူများ၌ အူမကြီးကင်ဆာတစ်ကျော့ပြန်ပေါ်လာနိုင်ခြေ နည်းပါးသည်ဖြစ်ရာ ဓာတုကုထုံးဆက်လက်ရယူရန် လိုအပ်ဖွယ်မရှိကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ကလပ်အသင်းနှင့် နိုင်ငံအသင်းအတွက် ၁၂ ပွဲဆက် ဂိုးသွင်းယူနိုင်ခဲ့သည့် စီရော်နယ်ဒို၏စံချိန်ကို ဟာလန်း လိုက်မီ

**မန်ချက်စတာ အောက်တိုဘာ ၂၂**

မန်စီးတီးအသင်း တိုက်စစ်ကစားသမား ဟာလန်းသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းက ဗီလာရီးရဲလ်အသင်းကို အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးနောက် ကလပ်အသင်းနှင့် နိုင်ငံအသင်း အတွက် ပြိုင်ပွဲစုံ ၁၂ ပွဲဆက် သွင်းယူပေးနိုင်ခဲ့သည့် စီရော်နယ်ဒို၏ စံချိန်ကောင်းတစ်ရပ်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

ဟာလန်းသည် ယခုနှစ် ဘောလုံးရာသီတွင် ကလပ်အသင်းအပြင် နိုင်ငံအသင်းအတွက်ပါ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေပြီး ကလပ်အသင်းနှင့် နိုင်ငံအသင်း အတွက် ပြိုင်ပွဲစုံ ၁၄ ပွဲကစားခဲ့ရာတွင် ၂၄ ဂိုးထိ သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။

ဟာလန်းမတိုင်မီက နိုင်ငံအသင်းနှင့် ကလပ်အသင်းအတွက် ပြိုင်ပွဲစုံ ၁၂ ပွဲဆက် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် အယ်နာဆာအသင်းနှင့် ပေါ်တူဂီအသင်းကစားသမား စီရော်နယ်ဒိုက မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဟာလန်းက စီရော်နယ်ဒို၏စံချိန်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ဗီလာရီးရဲလ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ၄ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး သုံးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် ရမှတ် ခုနစ်မှတ် ရရှိထားကြောင်း သိရသည်။

Ref : Fotmob
Trs : STA



# အောက်တိုဘာလအတွက် မေဂျာလိဂ်အကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူးမက်ဆီ ရရှိ



**မီယာမီ အောက်တိုဘာ ၂၂**

တိုက်စစ်မှူး မက်ဆီသည် အောက်တိုဘာလအတွင်း ကစားခဲ့သည့် မေဂျာလိဂ်ပြိုင်ပွဲများတွင် ဂိုးပါဝင်ပတ်သက်မှု ၁၀ ကြိမ် ပြုလုပ်နိုင်ခဲ့သဖြင့် တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည်။

မက်ဆီသည် အောက်တိုဘာလအတွင်းကစားခဲ့သည့် နယူးအင်္ဂလန်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှု သုံးကြိမ်၊ အတ္တလန်တာအသင်းနှင့် ပွဲစဉ်တွင် သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်၊ နက်ရှ်ဗီလီအသင်းနှင့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် အောက်တိုဘာလ အကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် နက်ရှ်ဗီလီအသင်းနှင့် ပွဲစဉ်တွင် ဟက်ထရစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် သွင်းဂိုး ၂၉ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၉ ကြိမ် ပြုလုပ်နိုင်ခဲ့သောကြောင့် မေဂျာလိဂ်သမိုင်းတွင် ဒုတိယမြောက် ဂိုးပါဝင်ပတ်သက်မှုအများဆုံး ကစားသမားဖြစ်လာခဲ့သည်။

တိုက်စစ်မှူးမက်ဆီသည် ၂၀၂၄ ခုနှစ်ကလည်း မေဂျာလိဂ်ပြိုင်ပွဲတွင်အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သည့်အပြင် ယခုနှစ်တွင်လည်း ဂိုးပါဝင်ပတ်သက်မှု အများဆုံးပြုလုပ်၍ အသင်းကို အမှတ်ပေးဇယား အဆင့်(၃)နေရာထိ ပို့ဆောင်နိုင်ခဲ့သဖြင့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု ရရှိရန်သေချာနေပြီး နှစ်နှစ်ဆက်တိုက် အကောင်းဆုံး ကစားသမားဆုရရှိမည့် ကစားသမား ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်းများဖြစ်ကြသည့် ချီဆိုရာနှင့် ဒီလီယန်ဝိုက်တို့ ဒီဇင်ဘာ ၁၃ ရက်တွင် ထိုးသတ်သွားမည်

**လန်ဒန် အောက်တိုဘာ ၂၂**

WBO Inter- Continental ဟဲဗီးဝိတ်တန်း ချန်ပီယံဆုကို အကြိမ်များစွာ ရရှိခဲ့ဖူးသည့် အင်္ဂလန်လက်ဝှေ့သမား ချီဆိုရာနှင့် WBC ယာယီဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း အင်္ဂလန်လက်ဝှေ့သမား ဒီလီယန်ဝိုက်တို့သည် ဒီဇင်ဘာ ၁၃ ရက်တွင် အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့၌ ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ချီဆိုရာနှင့် ဒီလီယန်ဝိုက်တို့ အကြား တတိယအကြိမ်မြောက် ထိုးသတ်သွားမည့် စိန်ခေါ်ပွဲဖြစ်ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် တို့တွင် ဒီလီယန်ဝိုက်က အနိုင်ရရှိထားသည်။

ချီဆိုရာအတွက် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝအတွင်း ပွဲ ၅၀ မြောက် စိန်ခေါ်ပွဲကို ထိုးသတ်သွားမည်ဖြစ်ပြီး ဒီလီယန်ဝိုက်ကို မနိုင်သေးသည့် မှတ်တမ်းဆိုးတစ်ရပ်ကိုချေဖျက်နိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

ချီဆိုရာနှင့် ဒီလီယန်ဝိုက်တို့၏ စိန်ခေါ်ပွဲနှင့် ပတ်သက်ပြီး WBA ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း ဒေးဗစ်ဟာယီက အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဝါရင့်လက်ဝှေ့သမားနှစ်ဦး၏ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုလည်း ဖြစ်နိုင်ကြောင်း ဒေးဗစ်ဟာယီက ပြောကြားခဲ့သည်။

ဒေးဗစ်ဟာယီက "ကျွန်တော်တို့ လက်ဝှေ့အသိုင်းအဝိုင်းက မြင်ချင်နေတဲ့ ချီဆိုရာနဲ့ ဒီလီယန်ဝိုက်တို့ရဲ့ တတိယမြောက် တွေ့ဆုံမှုကတော့ ဖြစ်မြောက်တော့မှာ ဖြစ်ပါတယ်။ ဒီစိန်ခေါ်ပွဲဟာ ချီဆိုရာအတွက် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ပွဲ ၅၀ မြောက် စိန်ခေါ်ပွဲ ဖြစ်ပါတယ်။ ချီဆိုရာအတွက် ကစားသမားဘဝရဲ့ နောက်ဆုံးပွဲစဉ်လဲဖြစ်ပါတယ်။ မနေ့ညကပဲ ကျွန်တော်ချီဆိုရာနဲ့ စကားပြောဖြစ်တယ်။ ချီဆိုရာနဲ့ ဒီလီယန်ဝိုက်တို့ရဲ့ တတိယမြောက် စိန်ခေါ်ပွဲဟာ ဒီဇင်ဘာ ၁၃ ရက် မန်ချက်စတာမြို့မှာ ထိုးသတ်သွားမယ်လို့ ချီဆိုရာက အတည်ပြုခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်အားလုံးကို သတင်းကောင်းမျှဝေပေးချင်တာကတော့ ကျွန်တော်တို့ မျှော်လင့်နေတဲ့ စိန်ခေါ်ပွဲကြီးကို အားပေးခွင့်ရတော့မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Daily Mail
Trs : AZL

# ဘာစီလိုနာကစားသမား ဖာမင်လိုပက်ဇ် ချန်ပီယံလိဂ်ပြိုင်ပွဲ ပထမဆုံးဟက်ထရစ်ဂိုး ရရှိ

**ဘာစီလိုနာ အောက်တိုဘာ ၂၂**

ဘာစီလိုနာအသင်းမှ တောင်ပံကစားသမား ဖာမင်လိုပက်ဇ်က ချန်ပီယံလိဂ်ပြိုင်ပွဲ အိုလံပီယာကို့စ် အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ဟက်ထရစ် ဂိုးသွင်းယူနိုင်ခဲ့ပြီး နောက် ကစားသမားဘဝ ပထမဆုံး အကြိမ် ဟက်ထရစ် ဂိုးရရှိခဲ့ကြောင်း သိရသည်။

ဖာမင်လိုပက်ဇ်သည် ပထမပိုင်း ပွဲကစားချိန် ခုနစ်မိနစ်တွင် အသင်းအတွက် အဖွင့်ဂိုးနှင့် ၃၉ မိနစ်တွင်လည်း အသင်းအတွက် ဒုတိယဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် အိုလံပီယာကို့စ် အသင်းက ပွဲစကတည်းက ချေပဂိုး ရရှိရေးကြိုးပမ်းလာသဖြင့် ပွဲကစားချိန် ၅၄ မိနစ်တွင် ပင်နယ်တီမှ ချေပဂိုး ပြန်လည် သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၅၇ မိနစ်တွင် ကစားသမားတစ်ဦး အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် ဘာစီလိုနာအသင်းက ဆက်တိုက်ဖိအားပေးနိုင်ခဲ့ပြီး ပွဲချိန် ၆၈ မိနစ်တွင် ယာမယ်၊ ပွဲချိန် ၇၄ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ရက်ရှ်ဖို့ဒ်၊ ပွဲချိန် ၇၆ မိနစ်တွင် ဖာမင်လိုပက်ဇ်တို့၏ ဂိုးများဖြင့် ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဖာမင်လိုပက်ဇ်က ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံး အကြိမ် ဟက်ထရစ်ဂိုး ရရှိခဲ့ခြင်း ဖြစ်သည်။



ဖာမင်လိုပက်ဇ်သည် ဟက်ထရစ် ဂိုးသွင်းယူပြီးချိန်တွင် ၂၂ နှစ် ၁၆၃ ရက်သာရှိသေးသဖြင့် ဘာစီလိုနာ အသင်းသမိုင်းတွင် အသက်ငယ်ဆုံး စပိန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် အိုလံပီယာကို့စ်အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ဘာစီလိုနာအသင်းကလည်း ၂၀၁၇ ခုနှစ်က ပီအက်စ်ဂျီ အသင်းကို ခြောက်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ် နိုင်ပွဲရပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဂိုးပြတ်နိုင်ပွဲရခဲ့ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

## အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းက မာဆေးအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ဂရင်းဝုဒ်ကိုခေါ်ယူ၍ တိုက်စစ်မှူးရက်ရှ်ဖို့ဒ်နှင့် တွဲဖက်ကစားနိုင်ရန် စီစဉ်နေကြောင်း သိရသည်။
- မန်ယူအသင်းက ခံစစ်ပိုင်းလိုအပ်ချက်အတွက် စပို့တင်းလစ္စဘွန်းအသင်းမှ ခံစစ်ကစားဒီယိုမန်ဒီကို ပြောင်းရွှေ့ကြေးယူရိုသန်း ၅၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- တူကီယဲနိုင်ငံတွင် ကျင်းပမည့် ဖယ်ဒရေးရှင်းဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပေါ်တူဂီ ယူ-၁၆ အသင်းတွင် တိုက်စစ်မှူးစီရော်နယ်ဒို၏ သားဖြစ်သူ ဂျူနီယာရော်နယ်ဒို ရွေးချယ်ခံရကြောင်း သိရသည်။
- အမေရိကန်နိုင်ငံတွင် ကစားမည့် ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့၏ အမှတ်ပေးပွဲစဉ်ကို လာလီဂါအဖွဲ့ချုပ်က ဖျက်သိမ်းကြောင်း ကြေညာခဲ့သည်။ ML

# Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မက်အီလ်ရွိုင်း ပါဝင်ယှဉ်ပြိုင်သွားမည်




**ဒူဘိုင်း အောက်တိုဘာ ၂၂**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပသွားမည့် ဒုတိယအကြိမ်မြောက် Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ကမ္ဘာ့အဆင့်(၂) ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဒုတိယအကြိမ်မြောက် ကျင်းပသွားမည့် Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် စတင်သွားမည်ဖြစ်ပြီး ဂေါက်သီးရိုက်ရာသီတစ်ခု၏ ပထမဆုံးပြိုင်ပွဲတစ်ရပ်လည်းဖြစ်သည်။

ယခုနှစ် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် Team Europe အတွက် သူရဲကောင်းဖြစ်ခဲ့သူ မက်အီလ်ရွိုင်းသည် ယခုနှစ်ဂေါက်သီးရိုက် ရာသီအတွင်း အောင်မြင်မှုများစွာ ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

၂၀၂၆ ခုနှစ်တွင်လည်း အောင်မြင်မှုများ ဆက်လက်ဆွတ်ခူးနိုင်ရေးအတွက် ယခုနှစ်ရာသီမကုန်မီ ကြိုတင်ပြင်ဆင်မှု ပြုလုပ်သွားမည်ဖြစ်သလို Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ရည်ရွယ်၍လည်း ပြင်ဆင်နေကြောင်း ပြောကြားခဲ့သည်။

မက်အီလ်ရွိုင်းက "ဂေါက်သီးရိုက်ရာသီအစ ပထမဆုံးပြိုင်ပွဲဖြစ်တဲ့ Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒီအတွက်လဲ ပြင်ဆင်နေပါတယ်။ ဂေါက်သီးရိုက်ရာသီ တစ်ရာသီကို ဒူဘိုင်းမှာ စတင်ခွင့်ရမဲ့အခွင့်အရေးအတွက် စိတ်လှုပ်ရှားနေပါတယ်။ အာရပ်စော်ဘွားများပြည်ထောင်စုဟာ ကျွန်တော်နှစ်သက်တဲ့ နေရာတစ်ခုပါ။ ရောက်တိုင်းလဲ စိတ်လှုပ်ရှားရပါတယ်။ နောက်ထပ်ရောက်ရင်လဲ စိတ်ခံစားချက်က ပြောင်းလဲမှာမဟုတ်ပါဘူး"ဟု ပြောကြားခဲ့သည်။

Dubai Invitational ဂေါက်သီးရိုက်ပြိုင်ပွဲသည် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ကစားသမား ဦးရေ ၆၀ ၊ အပျော်တမ်း ဂေါက်သီးရိုက်ကစားသမား ဦးရေ ၆၀ ဖြင့် စုစည်းကျင်းပပေးသည့် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ပြိုင်ပွဲတစ်ရပ်လည်းဖြစ်ကြောင်း သိရသည်။

**Ref : Gulf Today**

**Trs : AZL**

# ဒဏ်ရာပြဿနာကြောင့် Paris Masters တင်းနစ်ပြိုင်ပွဲမှ ဂျိုကိုဗစ် နုတ်ထွက်

**ပဲရစ် အောက်တိုဘာ ၂၂**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် အောက်တိုဘာ ၂၈ ရက်မှ စတင်ကျင်းပသွားမည့် Paris Masters တင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင်ကျင်းပခဲ့သည့် Six Kings Slam တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဂျိုကိုဗစ်သည် ပြိုင်ပွဲကစားနေရင်း ဒဏ်ရာရရှိခဲ့သည့်အတွက်ကြောင့် ကာလတစ်ခုအထိ အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။

ဂျိုကိုဗစ်သည် Six Kings Slam တင်းနစ်ပြိုင်ပွဲတွင် အမေရိကန် တင်းနစ်ကစားသမား တေလာဖရစ်ဇ်နှင့် ယှဉ်ပြိုင်ကစားစဉ် ဘယ်ဘက်ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး လိုအပ်သောဆေးစစ်မှု ခံယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဒဏ်ရာပြဿနာကြောင့် Paris Mastersတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရခြင်းအပေါ် ဝမ်းနည်းစိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။

ဂျိုကိုဗစ်က " Paris Masters တင်းနစ်ပြိုင်ပွဲမှာ ကျွန်တော်ပါဝင်ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်တဲ့အကြောင်း ပဲရစ်က ပရိသတ်တွေကို အသိပေးလိုပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာ ပဲရစ်နဲ့ ပတ်သက်ပြီး အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ အောင်မြင်မှုတွေလဲ ရရှိခဲ့ဖူးတယ်။Paris Masters တင်းနစ်ပြိုင်ပွဲမှာ ခုနစ်ကြိမ်ထိ ချန်ပီယံဆုကို သိမ်းပိုက်နိုင်ခဲ့တာဟာလဲ ကျွန်တော့်အတွက်တော့ အံ့အားသင့်စရာ မှတ်တမ်းကောင်းဖြစ်ပါတယ်။ ဒီနှစ်မှာ မလာတော့ဘူးဆိုပေမဲ့လဲ နောက်နှစ်တွေမှာ ပြန်လည် ဆုံတွေ့နိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Independent**

**Trs : AZL**



# နေရှင်နယ်လိဂ် ယူ-၂၁ပြိုင်ပွဲ ပွဲစဉ် (၂၆)တွင် ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ ရန်ကုန်ယူနိုက်တက်အသင်းနှင့် Junior Lionsအသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနေရှင်နယ်လိဂ် ယူ -၂၁ ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၂၆)ကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းနှင့် Junior Lions အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ -၂၁ ပြိုင်ပွဲ ပွဲစဉ် (၂၆)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းအားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်နှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက် အသင်းက ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၅ မိနစ်၊ ၂၁ မိနစ်နှင့် ၆၈ မိနစ်တွင် စောဘီဘေးလ်၊ မိနစ် ၄၀ တွင် အောင်ဇော်ဦး၊ မိနစ် ၇၀ တွင် သူရ ညီညီတို့က သွင်းယူနိုင်ခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်တွင် ဖြိုးဝေကျော်၊ ၄၅ မိနစ်တွင် ကောင်းခန့်ဇော်တို့က သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ဒဂုံပေါ့အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၃ မိနစ်နှင့် ၄၂ မိနစ်တွင် မင်းဆန်း၊ ၃၉ မိနစ်နှင့် ၈၆ မိနစ်တွင် ကျော်လွင်ထွေး၊ ၆၄ မိနစ်တွင် စိုင်းဇွန်ဆန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။


အလားတူ ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် Junior Lion အသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**STA**

# နယူးကာဆယ်အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သုံးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဂေါ်ဒွန် မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၂၂**

နယူးကာဆယ် အသင်းနှင့် ဘင်ဖီကာအသင်းတို့ကစားခဲ့သည့် ပွဲစဉ်တွင် နယူးကာဆယ်အသင်းမှ ဂေါ်ဒွန်က အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် အသင်း သမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သုံးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



နယူးကာဆယ် အသင်းက ဘင်ဖီကာအသင်းကို သုံးဂိုး ဂိုးမရှိ ဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဂေါ်ဒွန်က အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဂေါ်ဒွန်သည် နယူးကာဆယ် အသင်းနှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစားခဲ့ပြီး လေးဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် မှတ်တမ်းကောင်းပိုင်ဆိုင်ခဲ့သည်။

နယူးကာဆယ်အသင်း တိုက်စစ်ပိုင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှစ်ပွဲကစားခဲ့ရာ ခုနစ်ဂိုးတည်းသာ သွင်းယူနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လေးပွဲကစားပြီးချိန်၌ ရှစ်ဂိုးထိ သွင်းယူထားကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# အေဗီလာအသင်းက ခံစစ်ကစားသမားမက်တီကတ်ကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ

**လန်ဒန် အောက်တိုဘာ ၂၂**

အေဗီလာအသင်းသည် ၂၀၂၇ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ခံစစ်ကစားသမား မက်တီကတ်ကို လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန်သဘောတူညီမှုရရှိခဲ့သည်။

အသင်း တာဝန်ရှိသူများက မက်တီကတ်ကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုမှုတွင် သက်တမ်းကုန်ဆုံးပါက နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ပါရှိခဲ့ပြီး ယခုရက်သတ္တပတ်ကုန်တွင် အပြီးသတ်စာချုပ်ချုပ်ဆို သွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အေဗီလာအသင်းသည် ယခင်က မက်တီကတ်ကို သက်တမ်းမတိုးဘဲ လက်လွှတ်သွားရန် ဆုံးဖြတ်ထားသော်လည်း ကစားသမားအနေဖြင့် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် ရှစ်ပွဲတွင် ရှစ်ပွဲစလုံး ပွဲထွက်ခွင့်ရခဲ့ချိန်၌ သွင်းဂိုး တစ်ဂိုး သွင်းယူခြေစွမ်းပြနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးရန်ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အသက် ၂၈ နှစ်ရှိ မက်တီကတ်သည် ၂၀၁၆ ခုနှစ်က ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို နော်တင်ဟမ်အသင်းနှင့်စတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်ထိကစားခဲ့ရာ ခြေစွမ်းပိုင်းကောင်းမွန်မှုကြောင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် အေဗီလာအသင်းက ခေါ်ယူခဲ့ကာ ပြိုင်ပွဲစုံ ၁၉၃ ပွဲတွင် သွင်းဂိုး ၁၁ဂိုး နှင့် ဂိုးဖန်တီးမှု ၁၁ကြိမ်ထိ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# သာယာရှုမဆုံး တန်ဆောင်မုန်း

**စိန်ငွေးလှိုင်(ပခုက္ကူ)**

တန်ဆောင်မုန်းလဟာ မြန်မာတစ်ဆယ့်နှစ်လရဲ့ အဋ္ဌမမြောက်လဖြစ်ပြီး ရက်စုံတဲ့လတစ်လဖြစ်ပါတယ်။ ဗေဒင်အလိုအားဖြင့် တန်ဆောင်မုန်းလရဲ့ စန်းယှဉ်နက္ခတ်မှာ ကြတ္တိကာနက္ခတ်ဖြစ်ပြီး ကျီးတာရာကလည်း ထွန်းလင်းနေပါတယ်။ ရှေးအခါက "တန်ဆောင်မှုန်းလ"လို့ခေါ်ဝေါ်ကြရာ "တန်ဆောင်" ဆိုသည်မှာ မီးတိုင်ကိုခေါ်ဆိုတာဖြစ်ပြီး "မှုန်း" ဆိုတာက ချယ်မှုန်းခြင်းကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် "မီးတိုင်များထွန်းလင်းသောလ" လို့ အဓိပ္ပာယ်ရပြီး ကာလကြာတဲ့အခါ "တန်ဆောင်မုန်းလ"အဖြစ်ကို ပြောင်းလဲသွားပါတယ်။ အထိမ်းအမှတ်ပန်းမှာ ခဝဲပန်းဖြစ်ပြီး ရာသီပွဲမှာ ကထိန်ပွဲဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့မှာ တန်ဆောင်မုန်းလလို့ဆိုလိုက်တာနဲ့ ကထိန်ပွဲကို တွေးမြင်မိကြပါတယ်။ မြို့တိုင်း၊ နယ်တိုင်းမှာ ကထိန်ပွဲကိုခြိမ့်ခြိမ့်သဲကျင်းပကြပါတယ်။ "ဘုရားမှာစိန်၊ ကျောင်းမှာသိမ်၊ သင်္ကန်းမှာကထိန်"ဆိုတဲ့စကားအရ ကထိန်ခင်းရာမှာ သင်္ကန်းကိုအဓိကထား လှူဒါန်းကြပါတယ်။ ဒါ့ပြင် ငွေအသပြာ၊ ရဟန်းအသုံးအဆောင်ပစ္စည်းများနဲ့ ပဒေသာပင်သီးကာ လှူဒါန်းကြပါတယ်။ ပဒေသာပင်ဆိုတာ ကမ္ဘာဦးလူသားတို့ စားဝတ်နေရေးအတွက် ဖန်တီးပေးတဲ့အပင်တစ်မျိုးဖြစ်ပါတယ်။ ဒီအကြောင်းအရာကို အတုယူပြီး၊ လိုတိုင်းတ၊ ရပါစေဆိုတဲ့ဆန္ဒနဲ့ကထိန်ပွဲမှာ ပဒေသာပင်တွေ ထည့်သွင်းလှူဒါန်းကြပါတယ်။ ကထိန်ခင်းရာမှာ အလှူရှင်ဟာ တစ်ဦးတည်းဖြစ်နိုင်သလို စုပေါင်းပြီးလည်း လှူဒါန်းကြပါတယ်။ စုပေါင်းလှူဒါန်းတာကို ဘုံကထိန်လို့ခေါ်ဆိုပြီး ဘုံကထိန်လှည့်လည်ခြင်းဟာ မြန်မာလူမျိုးတို့ရဲ့ကျော်ကြားလှတဲ့ အစဉ်အလာတစ်ရပ်ဖြစ်ပါတယ်။

"ကထိန်"ဆိုသည်မှာ "ကထိန"ဆိုတဲ့ ပါဠိစကားမှ ဆင်းသက်၍ ကထိန်အာနိသင်ငါးပါး မြဲမြံခိုင်ခံ့စွာ ရရှိစေနိုင်သော သင်္ကန်းအလှူဖြစ်ပါတယ်။

**ကထိန်ပွဲပေါ်ပေါက်လာပုံ**

တစ်နေ့မှာရဟန်းတို့ဟာ သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားကိုဖူးမြော်ဖို့ ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်က သာကေတပြည်မှ ခြေကျင်ခရီးကြွလာကြပါတယ်။ ဝါဆိုဝါကပ်ရမည့်အချိန်ဖြစ်တဲ့ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ နီးကပ်လာပါတယ်။ သာဝတ္ထိကို ဆက်ပြီးသွားရောက်ဖို့မဖြစ်နိုင်တာကြောင့် လမ်းခုလပ်မှာတည်ရှိတဲ့ သာကေတမြို့မှာ ဝါဆိုဝါကပ်ရပါတယ်။ သာဝတ္ထိမြို့နဲ့သာကေတမြို့တို့မှာ ခြောက်ယူဇနာသာ ကွာဝေးပေမဲ့ ဝါတွင်းကာလမှာ ရဟန်းတို့ ခရီးမထွက်ရဆိုတဲ့ ပညတ်ချက်ကြောင့် ဆက်လက်မသွားရောက်နိုင်ခဲ့ပါ။ ရဟန်းတို့ဟာ သီတင်းကျွတ်လပြည့်ညမှာ ပဝါရဏာပြုပြီး သာဝတ္ထိကိုခရီးဆက်ကြပါတယ်။ ခုတင်ဆောင်ရဟန်းတွေဖြစ်တာကြောင့် သပိတ်၊ နှစ်ထပ်သင်္ကန်းစတဲ့ ဝန်စည်စလွယ်တွေကို ပခုံးထက်မှာလွယ်ကာ ပင်ပင်ပန်းပန်း ခရီးဆက်ခဲ့ရပါတယ်။ ဒီအချိန်မှာ မိုးရွာတာကြောင့် ရဟန်းတို့ရဲ့ နှစ်ထပ်သင်္ကန်းမှာ မိုးရေစိုကာလေးလံပါတယ်။ ဘုရားရှင်ထံရောက်တဲ့အခါ မိုးရေစိုသင်္ကန်းနဲ့ ကန်တော့ကြရပါတယ်။ နှစ်ထပ်သင်္ကန်းကို ထားခဲ့ပြီး သင်းပိုင်၊ ဧကသီတို့နဲ့လာမယ်ဆိုရင် ယခုလို ပင်ပန်းမှာမဟုတ်ကြောင်းကို ဘုရားရှင်က သုံးသပ်တော်မူပါတယ်။ ခရီးသည် ရဟန်းတို့ကိုအကြောင်းပြုပြီး ပုရိမဝါ(ပထမဝါ)ကပ်ခြင်းနဲ့ ပြည့်စုံတဲ့ရဟန်းတို့ကို သင်္ကန်းကပ်လှူခွင့် ဒါမှမဟုတ် ကထိန်ခင်းခွင့်ပြုကြောင်း ဘုရားရှင်က ပညတ်တော်မူလိုက်ပါတယ်။ဒီအချိန်မှစပြီး ကထိန်ပွဲဆိုတာ ပေါ်ပေါက်လာပါတယ်။

ကထိန်သင်္ကန်းကပ်လှူမှုကြောင့် ရနိုင်တဲ့အကျိုးခြောက်ပါးမှာ"အရပ်လေးမျက်နှာသို့ ဘေးမသီရန်မခဘဲ အတားအဆီးမရှိသွားလာနိုင်မှု၊ သူတစ်ပါးတို့က မိမိစည်းစိမ်ဥစ္စာကို နိုင်ထက်စီးနင်းလုယက်ယူငင်မှုမပြုနိုင်မှု၊ ဥစ္စာရှာဖွေရာမှာ သူတကာတို့ထက်ထူးကဲကာ အစုလိုက်အပုံလိုက်ရရှိမှု၊ စားကောင်းသောက်ဖွယ် အထူးပေါများပြီး အစားအစာအတွက် ဘေးမဖြစ်နိုင်မှု၊ မိမိပိုင်ပစ္စည်းကို ကာလကြာမြင့်စွာ မေ့လျော့နေပေမဲ့ မဆုံးရှုံးနိုင်မှုနဲ့ ရုပ်ရည်ချောမောလှပမှု"တို့ဖြစ်ကြပါတယ်။

ကထိန်ခင်းတာ ဒါမှမဟုတ် ကထိန်သင်္ကန်းကပ်လှူတာကို သီတင်းကျွတ်လပြည့်နေ့ကနေ တန်ဆောင်မုန်းလပြည့်နေ့ထိ တစ်လတာအတွင်းသာ လှူဒါန်းခွင့်ရှိပါတယ်။ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တစ်ကြိမ်သာ ခင်းခွင့်ရှိတာကြောင့် ထူးခြားလေးနက်မှုရှိတဲ့ အလှူအတန်းတစ်ခုဖြစ်ပါတယ်။ ကထိန်ခင်းပေးမဲ့ ပုဂ္ဂိုလ်ဟာ ဝါကျိုးဝါမပေါက်တဲ့ ရဟန်းဖြစ်ရပါမယ်။ ပစ္ဆိမဝါ (ဒုတိယဝါ) မှာ ဝါဆိုကြတဲ့ရဟန်းများမှာ ကထိန်ခင်းခွင့်မရှိပါ။ ကထိန်ခင်းပေးမဲ့ ရဟန်းဟာ သိမ်တော်အတွင်းမှာ ကပ်လှူမဲ့သင်္ကန်းကိုကိုင်ဆောင်ကာ ကမ္မဝါစာရွတ်ဖတ်ရပါတယ်။ သင်္ကန်းကိုအလှူခံပြီးရင် ကံဆောင်တာနဲ့ ကထိန်ခင်းတာတို့ကို တစ်နေ့တည်း အပြီးဆောင်ရွက်ရပါတယ်။ ညလွန် နောက်တစ်နေ့ကို မကူးရပါ။ အရေးကြီးတာက ရဟန်းတို့ဟာ ကထိန်ခင်းဖို့မစည်းရုံးရပါ။ ဒါယကာ ဒါယိကာမတို့မှလည်း "ဤကျောင်းမှာဘယ်ရဟန်းကို လှူဒါန်းလိုပါတယ်"လို့ အမည်တပ်ရည်စူးမှုမျိုး မပြုရပါ။ တိုက်တွန်းမှုတစ်ခုခုမပါဝင်ဘဲ မိမိသဒ္ဓါတရားစိတ်နဲ့ သံဃိကဒါနအဖြစ် ကပ်လှူရပါမယ်။ ကထိန်ဒါယကာ ဒါယိကာမများက"ကထိနစီဝရံ၊ သံဃဿဒေမ"လို့ နှုတ်မှရွတ်ဆိုကာ ကပ်လှူရပါမယ်။ "ကထိနစီဝရံ-ဤကထိန်သင်္ကန်းကို၊ သံဃဿ- သံဃာအားလုံးအားရည်စူး၍၊ ဒေမ- သဒ္ဓါကြည်ဖြူစွာဖြင့် ဆက်ကပ်လှူဒါန်းပါ၏ အရှင်ဘုရား"လို့ အဓိပ္ပာယ်ရရှိပါတယ်။ အပေါ်ဝတ်ရုံသင်္ကန်း(ဧကသီ)၊ ခါးဝတ်သင်္ကန်း (သင်းပိုင်)၊ နှစ်ထပ်သင်္ကန်း(ဒုကုဋ်)ဆိုတဲ့ သင်္ကန်းသုံးမျိုးအနက် တစ်မျိုးမျိုးကို ကပ်လှူနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

ကထိန်ခင်းရာမှာလှူဒါန်းသူမှာ ကုသိုလ်ရရုံတင်မကဘဲ ကပ်လှူခံရတဲ့ရဟန်းမှာလည်း ကောင်းကျိုးငါးမျိုးကို ခံစားရပါတယ်။ ဒီအကျိုးများမှာ "ထင်ရှားရှိသော ရဟန်းတို့ကိုမပန်ကြားဘဲ မြို့တွင်းရွာတွင်းဆွမ်းဖိတ်ရာအိမ်သို့ သွားလာနိုင်ခြင်း၊ အဓိဋ္ဌာန်တင်ဆောင်ပြီးသော သင်္ကန်းကိုမယူဘဲ သွားနိုင်နေနိုင်ခြင်း၊ အလိုရှိတိုင်းသင်္ကန်းကို အဓိဋ္ဌာန်ဝိကပ္ပနာ မပြုမူ၍ထားနိုင်ခြင်း၊ ထမင်းစားကြွပါစသည်ဖြင့် မအပ်သောဖိတ်ကြားခြင်းရှိသည့် ဂဏဘောဇဉ်ကို ဘုဉ်းပေးနိုင်ခြင်း၊ ကထိန်ခင်းသော ကျောင်းတိုက်၌ တပေါင်းလပြည့်နေ့အတွင်း ရရှိသောသင်္ကန်းကို ကထိန်အနုမောဒနာပြုသောရဟန်းတို့သာ ရနိုင်ခြင်း" တို့ဖြစ်ကြပါတယ်။

"မိုးလကုန်စဲ ကထိန်ပွဲ"ဆိုတဲ့ စကားအရ ကထိန်ပွဲကျင်းပတဲ့ သီတင်းကျွတ်နဲ့တန်ဆောင်မုန်းလတို့ဟာ ရာသီဥတု သာယာလျက်ရှိပါတယ်။ ကထိန်ပွဲရာသီကိုရောက်လျှင်"ဘုံကထိန် ဘုံကထိန် ဘုံကထိန် လှည့်လို့လာ၊ လမ်းနံဘေးက ကြည့်သူတွေ ကြိတ်ကြိတ်တိုးကာစည်" ဆိုသည့် သီချင်းသံမှာ မြို့တိုင်းရွာတိုင်းမှာ လွင့်ပျံ့နေပါတယ်။

တန်ဆောင်မုန်းလမှာ ထူးခြားတဲ့အလှူပွဲတစ်ခုရှိပြီး ဒီအလှူပွဲမှာ မသိုးသင်္ကန်းကပ်လှူပွဲဖြစ်ပါတယ်။ မသိုးသောသင်္ကန်းဆိုသည်မှာ နောက်တစ်နေ့သို့ မကူးစေဘဲ၊ အရုဏ်မတက်မီ နေ့ချင်းပြီးရက်လုပ်တဲ့ သင်္ကန်းကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ညနေခင်းအချိန်မှာ မသိုးသင်္ကန်းကပ်လှူပွဲလာရောက်ဖို့ လူအများကို ဖိတ်ကြားလိုက်ပါတယ်။ ကမကထပြုသူများက ဝါကောက်တာ၊ ဝါဖန်တာ၊ ဝါဖတ်တာ၊ ဗိုင့်တောင့်လုပ်တာ၊ ဗိုင်းငင်တာ၊ ချည်ချတာ၊ ချည်စာနယ်တာ၊ ချည်သေ့တာ၊ ယက်ကန်းတိုင်တာ၊ နှပ်သွင်းတာ၊ ယက်ကန်းယက်တာနဲ့ ချုပ်လုပ်တာတို့ကို ညတွင်းချင်းပြီးစီးအောင် ပြုလုပ်ရပါတယ်။ နံနက်အချိန်မှာ မြတ်စွာဘုရားကိုရည်စူးပြီး စေတီပုထိုးများကို သွားရောက်ကပ်လှူကြပါတယ်။ ဘုရားရှင်လက်ထက်မှာ မိထွေးတော်ဂေါတမီက နန်းတွင်းသူများနဲ့အတူ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညမှာ၊ ညတွင်းချင်းအပြီးပြုလုပ်တဲ့ သင်္ကန်းနဲ့ ဘုရားရှင်ကိုဆက်ကပ်ခဲ့ဖူးကြောင်း မှတ်သားရပါတယ်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်ကနေ လပြည့်ကျော် ၁ ရက်ထိ ကျင်းပကြရာ ဘုရားကျောင်းကန်များနဲ့ နေအိမ်များမှာရောင်စုံအလှမီးများကိုထွန်းညှိကာ မီးပုံးပျံများကို လွှင့်တင်ကြပါတယ်။ ဘုရားရှင်လက်ထက်က တန်ဆောင်မုန်းလပြည့်ညမှာ နက္ခတ်စုံလင်တာကြောင့် ကြိတ္တိကာနက္ခတ်ပွဲသဘင်ကို ကျင်းပခဲ့ပါတယ်။ တန်ဆောင်မုန်းလပြည့်ညမှာ ကြယ်တာရာစုံလင်တာမို့ ဆေးပေါင်းခတယ်လို့ ယုံကြည်ကြတာကြောင့် မဲဇလီဖူးသုပ်ကို စားသုံးကြပါတယ်။ တန်ဆောင်မုန်းလကို နတ်နိုးသောလလို့လည်း ခေါ်ဆိုကြပါတယ်။

တန်ဆောင်မုန်းလပြည့်ညမှာ ကျင်းပသော ပွဲသကူပစ်ပွဲမှာ ရဟန်းတို့ရဲ့ ကျင့်စဉ်များဖြစ်တဲ့ ခုတင် ၁၃ ပါးအနက် ပံ့သကူခုတင်ကို အကြောင်းပြုပြီး ပေါ်ပေါက်လာတာဖြစ်ပါတယ်။ ဒီကျင့်စဉ်မှာ လူတို့စွန့်ပစ်ထားတဲ့ အဝတ်တွေကို ကောက်ယူစုဆောင်းပါတယ်။ ဒီနောက် အရောင်ဆိုးပြီး ချုပ်စပ်ကာ သင်္ကန်းအဖြစ် ဝတ်ရုံပါတယ်။ သင်္ကန်းအဖြစ် အဝတ်ကိုသာအဓိကထားပြီး ပစ်လှူကြပေမဲ့ နောက်ပိုင်းမှာ မုန့်ပဲသရေစာနဲ့ ငွေအသပြာအချို့ကိုထုပ်ကာ ပွဲသကူပစ်ကြပါတယ်။

ရှေးမြန်မာမင်းများ လက်ထက်ကတန်ဆောင်မုန်းလပြည့်ညမှာ ရှင်မာလဲပွဲကိုကျင်းပခဲ့ပါတယ်။ အရိမေတ္တယျဘုရားလောင်းနတ်သားက ရှင်မာလဲမထေရ်ကို ဝေသန္တရာဇာတ်တော် ဟောပြောရန် တောင်းဆိုခဲ့ရာ ဂါထာတစ်ထောင်နဲ့ဟောကြားခဲ့ပါတယ်။ ဒီအချိန်မှအစပြုကာ သစ်သီးတစ်ထောင်၊ ပန်းပွင့်တစ်ထောင်၊ ထမင်းဆုပ်တစ်ထောင်၊ ဆီမီးတစ်ထောင်တို့ကိုတင်ကာ လှူဒါန်းတဲ့ ရှင်မာလဲပွဲကို ဆင်ယင်ကျင်းပခဲ့ကြကြောင်း မှတ်သားရပါတယ်။

တန်ဆောင်မုန်းလပြည့်ညရဲ့ ကြည်လင်အေးချမ်းမှုကိုတွေ့မြင်ရပြီး အသိတရားရရှိတဲ့ သာဓကတစ်ခုလည်း ရှိပါသေးတယ်။ ဒေဝဒတ်ရဲ့တိုက်တွန်းမှုနဲ့ ဖခင်ရင်းကို သတ်မိမှားသူ အဇာတသတ်မင်းရဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ အဇာတသတ်မင်းဟာအမှားကို သိမြင်ပြီး နောင်တကြီးစွာရကာ စားမဝင် အိပ်မပျော်ဖြစ်နေပါတယ်။ ဒီလိုဖြစ်နေစဉ် တန်ဆောင်မုန်းလပြည့်နေ့ညတစ်ညမှာ "အဘယ်သို့သော ရဟန်းသာမဏော၊ အဘယ်သို့သော ဗြဟ္မဏာတို့ထံ ဆည်းကပ်ရလျှင်ကောင်းမည်နည်း"လို့ မင်းချင်းတို့ကိုမေးမြန်းပါတယ်။ မင်းချင်းတို့က သူတို့ကိုးကွယ်တဲ့ မိစ္ဆာဒိဋ္ဌိဆရာကြီး ခြောက်ဦးတို့ကို ညွှန်ပြခဲ့ရာ အဇာတသတ်မင်းက သဘောမကျခဲ့ပါ။ ဒီအချိန်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ဆေးဆရာဇီဝကမှာ မည်သို့မျှ မလျှောက်တင်သည်ကို အဇာတသတ်မင်းက သိတဲ့အခါ "ဆရာဇီဝက၊ အဘယ့်ကြောင့် ဆိတ်ဆိတ်နေသနည်း"လို့မေးမြန်းပါတယ်။ အခွင့်ကောင်းကို စောင့်မျှော်နေသူ ဇီဝကဟာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ချီးမွမ်းပြောဆိုပါတယ်။ ပြီးနောက် "ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံတော်မူသော အကျွန်ုပ်၏ဆရာ ဗုဒ္ဓဘုရားရှင်သည် သရက်ဥယျာဉ်တွင် သီတင်းသုံးလျက်ရှိပါကြောင်း၊ ဘုရားရှင်ကို ဆည်းကပ်ပါမူ အသင်မင်းကြီး၏ စိတ်နှလုံးသည် ကြည်လင်အေးချမ်းလာပါလိမ့်မည်"လို့ လျှောက်တင်ပါတယ်။ အဇာတသတ်မင်းကြီးမှာ ညတွင်းချင်းပင် သရက်ဥယျာဉ်ကိုသွားပါတယ်။ ရဟန်းအပေါင်း ခြံရံလျက် သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကိုဖူးတွေ့ရတဲ့အခါ အကြောင်းစုံကို လျှောက်ထားလိုက်ပါတယ်။ ဘုရားရှင်က "သာမညဖလသုတ်တော်"ကို ဟောကြားတော်မူပါတယ်။ ဒါကိုအကြောင်းပြုပြီး တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလအခါတော်နေ့"လို့ ခေါ်ဝေါ်သတ်မှတ်ခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် တန်ဆောင်မုန်းလဟာ မိုးရာသီကုန်ဆုံးကာ ခြေခင်းလက်ခင်း သာယာပါတယ်။ တောင်သူလယ်သမားတို့မှာ ကောက်ပဲသီးနှံများရိတ်သိမ်းချိန်ဖြစ်ပြီးဝင် ငွေကောင်းတဲ့အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာ ကထိန်ပွဲများ ကျင်းပကြရာ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ရဲ့ အလှူရေစက် လက်နဲ့မကွာ လှူဒါန်းမှု၊ ဘာသာ သာသနာကို ချစ်ခင်မြတ်နိုးမှု၊ စည်းလုံးညီညွတ်တို့ကို ဖော်ညွှန်းနေပါတယ်။ တန်ဆောင်မုန်းလပြည့်ညဟာ လတကာတို့ရဲ့ လပြည့်ညအပေါင်းမှာ အကြည်လင်ဆုံးဖြစ်ပါတယ်။ ဒါ့ပြင် တန်ဆောင်တိုင်ပွဲတော်၊ မသိုးသင်္ကန်းကပ်လှူပွဲနဲ့ သာမညဖလအခါတော်နေ့ ကျင်းပတာတို့ကြောင့် "သာယာရှုမဆုံး တန်ဆောင်မုန်း"လို့ ရေးသားလိုက်ရပါတယ်။

❖ "မိုးလကုန်စဲ ကထိန်ပွဲ"ဆိုတဲ့ စကားအရ ကထိန်ပွဲကျင်းပတဲ့ သီတင်းကျွတ်နဲ့တန်ဆောင်မုန်းလတို့ဟာ ရာသီဥတု သာယာလျက်ရှိပါတယ်။ ကထိန်ပွဲရာသီကိုရောက်လျှင်"ဘုံကထိန် ဘုံကထိန် ဘုံကထိန် လှည့်လို့လာ၊ လမ်းနံဘေးက ကြည့်သူတွေ ကြိတ်ကြိတ်တိုးကာစည်" ဆိုသည့် သီချင်းသံမှာ မြို့တိုင်းရွာတိုင်းမှာ လွင့်ပျံ့နေပါတယ်။ တန်ဆောင်မုန်းလမှာ ထူးခြားတဲ့အလှူပွဲတစ်ခုရှိပြီး ဒီအလှူပွဲမှာ မသိုးသင်္ကန်းကပ်လှူပွဲဖြစ်ပါတယ်။ မသိုးသောသင်္ကန်းဆိုသည်မှာ နောက်တစ်နေ့သို့ မကူးစေဘဲ၊ အရုဏ်မတက်မီ နေ့ချင်းပြီးရက်လုပ်တဲ့သင်္ကန်းကို ခေါ်ဆိုခြင်းဖြစ်ပါတယ်။ ❖

**ကိုးကား**

- **နိုင်ငံတော်ဗုဒ္ဓသာသန "မဟာဗုဒ္ဓဝင် တတိယတွဲ"တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသည်။ သာသနာ၂၅၄၀၊ ကောဇာ ၁၃၅၈။**

# ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်


ယခင်နှစ်က ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပပုံကို တွေ့ရစဉ်။

**ပြည် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ရှစ်ရက် အောက်တိုဘာ ၂၈ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် နှစ်ရက် (နိုဝင်ဘာ ၆ ရက်) ရက်နေ့ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးမြတ်စိုးထံမှ သိရသည်။

လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဗုဒ္ဓပူဇနီယပွဲတော်ကို တန်ဆောင်မုန်းလဆန်း ရှစ်ရက်နံနက်ပိုင်းတွင် ဘုရားအနေကဇာတင် ပူဇော်ပွဲ၊ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားနှင့် သံဃာတော်အရှင်သူမြတ်၁၀၉ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပနေကြဖြစ်တဲ့ ရွှေဆံတော်စေတီတော်ကြီးရဲ့ ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပြီး ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ၊ ဆွမ်းတော်ကြီးတင် အနေကဇာသဘင်နဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကိုတော့ တန်ဆောင်မုန်းလဆန်းရှစ်ရက်နေ့မှာ ကျင်းပမှာဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွယ်တော်လှည့်လည် အပူဇော်ခံပွဲကိုတော့ တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှာ ရင်ပြင်တော်ပေါ်မှာ ကျင်းပပြီးတော့ အပူဇော်ခံမှာဖြစ်ပါတယ်။ တန်ဆောင်မုန်း လပြည့်ကျော်နှစ်ရက်နေ့မှာတော့ ဗုဒ္ဓမြတ်စွယ်တော်ကို တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူမဲ့ မြတ်စွယ်တော်တိုက်ကို ပြန်လည်ပင့်ဆောင်မှာဖြစ်ပါတယ်။ တန်ဆောင်တိုင်မီးပူဇော်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်" ဟု ဦးမြတ်စိုးက ပြောပြသည်။ ASH

# ဝါနာဘရားသား၏ F.A.S.T ဇာတ်ကား၌ မင်းသမီး ခလိုကိုးမန်းလည်း ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၂**

ဝါနာဘရားသားကုမ္ပဏီ၏ F.A.S.T အမည်ရှိ အက်ရှင်ဇာတ်ကားတွင် မင်းသမီး ခလိုကိုးမန်းလည်း ပါဝင်လာကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများအရ သိရသည်။

F.A.S.T ဇာတ်ကားတွင် ခလိုးကိုးမင်းအနေဖြင့် မင်းသား ဘရန်ဒွန်စကလီနာ၊ လာကိတ်စတန်ဖီး၊ ဂျေဆင်ကလပ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

F.A.S.T ဇာတ်ကားသည် စီအိုင်အေက အကာအကွယ်ပေးထားသော ဖူးယန်ကုန်သည်များကို ချေမှုန်းရေးအတွက် လျှို့ဝှက်အထူးတပ်ဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ခဲ့ရသော အထူးတပ်ဖွဲ့ဝင်ဟောင်းတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

F.A.S.T ဇာတ်ကားကို ဒါရိုက်တာ ဘန်ရစ်ချက်ဆန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ တေလာရှာရီဒန်က ရေးသားပေးထားကြောင်း သိရသည်။


လက်ရှိတွင် F.A.S.T ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို စတင်နေပြီဖြစ်ပြီး F.A.S.T ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဝါနာဘရားသားကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် အောင်ထက်၊ နေနေတို့၏ တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ Hotel Apex Mandalay တွင် ပြုလုပ်သွားမည်ဖြစ်




**ရန်ကုန် အောက်တိုဘာ ၂၂**

တေးသံရှင် အောင်ထက်၊ နေနေတို့၏ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ Hotel Apex Mandalay တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အောင်ထက်ထံမှ သိရသည်။

တေးသံရှင် အောင်ထက်၊ နေနေတို့၏ တေးဂီတဖျော်ဖြေပွဲကို Hotel Apex Mandalay ရှိ Apex Sky Bar ၌ နိုဝင်ဘာ ၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Apex Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၃ ရက် ညမှာ ကျွန်တော်တို့နဲ့ Apex Band ရဲ့ တီးခတ်ဖျော်ဖြေမှုတွေနဲ့ အတူ Apex Sky Bar မှာ ရွှေမန်းမြေရဲ့ နိုဝင်ဘာညအလှကို ကြည့်ရှုခံစားဖို့လှမ်းခဲ့ကြပါအုံး"ဟု တေးသံရှင် အောင်ထက်က ပြောပြသည်။

တေးသံရှင် အောင်ထက်နှင့် နေနေ တို့၏ တေးဂီတဖျော်ဖြေပွဲကို Hotel Apex Mandalay ရှိ Apex Sky Bar တွင် နိုဝင်ဘာ ၃ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# ၂၀ ရာစုရုပ်ရှင်၏ Painter ဇာတ်ကား၌ မင်းသား ဝေါတန်ကော့ဂင်း ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၂**

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ Painter အမည်ရှိ အက်ရှင်ဇာတ်ကားတွင် မင်းသား ဝေါတန်ကော့ဂင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၂၁ ရက် သတင်းများအရ သိရသည်။


Painter ဇာတ်ကားတွင် မင်းသား ဝေါတန်ကော့ဂင်းသည် မင်းသမီး အစ်ဘားမစ်ဘနီဒါနှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Painter ဇာတ်ကားကို ဒါရိုက်တာ ဂါရက်ဝင်ရန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကာ ဝတ္ထုဇာတ်ညွှန်းကို John Wiok ဖန်တီးသူ ဒါးရက်ကိုးစတက်က ရေးသားပေးထားပြီး ကမ္ဘာကျော် ဒါရိုက်တာကြီး ဒေးဗစ်ကင်မရွန်းက Painter ဇာတ်ကားအတွက် ထုတ်လုပ်သူ အဖြစ်တာဝန်ယူမည်ဖြစ်သည်။

Painter ဇာတ်ကားသည် ပြန်ပေးဆွဲခံထားရသည့် ဖခင်ဖြစ်သူကို ကယ်တင်ရန်ကြိုးပမ်းခဲ့သည့် မိန်းကလေးတစ်ဦး၏ အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီး ၎င်းဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ၂၀ ရာစုရုပ်ရှင်စတူဒီယိုက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရွှေဖူးစာရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၂၅ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၂**

CANAL+ ZAT LENN ရုပ်သံလိုင်းမှ ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၂၅ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမ ပုညခင်၏ ဝတ္ထုကို မယ်ခိုင်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ပွင့်သင်္ဂီဇော် (အရုဏ်ဦး) က ဖိုးဝ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသဇာတ်ကား တစ်ကားလည်းဖြစ်ပြီး CANAL+ ZAT LENN သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် မတ်လတုန်းက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်ချိန်ကလဲ ပရိသတ်တွေ အားပေးမှုရခဲ့တဲ့ ဇာတ်ကားလေးပါ။ မကြည့်လိုက်ရသေးတဲ့ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဟာသ ဇာတ်မြူးလေးပါ။ ဖန်သားပြင်ပေါ်မှာ ကြည့်ရှုပေးကြပါအုံး" ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကောင်းမြတ်စံက ပြောပြသည်။

အဆိုပါ ရွှေဖူးစာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ပိုင်တံခွန်၊ ကောင်းမြတ်စံ၊ ဇင်မျိုး၊ မိုးဒီ၊ ဖွေးဖွေး၊ ယွန်းဝတီလွင်မိုး၊ ဇာခြည်လွင်၊ နန်းရွှေအိမ်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားပြီး လာမည့် အောက်တိုဘာ ၂၅ ရက် စနေနေ့ ည ၇ နာရီတွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ကောင်းမြတ်စံက ပြောပြ၍ သိရသည်။

ASH

# YeU Township to plant over 4,000 acres of winter sesame



A winter sesame plantation in YeU Township.

**YeU October 22**

More than 4,000 acres of winter sesame will be planted in YeU Township, YeU District, Sagaing Region, during the upcoming winter crops planting season, according to the Department of Agriculture for YeU District.

In the 2025-2026 winter crops planting season, 4,523 acres of winter sesame will be planted in YeU Township, and planting will begin from October this year until December.

"We will work to achieve the target acres. Sesame cultivation has been increasing year by year. Sesame is mainly grown in the winter rather than the rainy season. As for oilseed crops, it is in a successful position," said U Zaw Myint Htun, head of Department of Agriculture for YeU District.

This year, the Township Agriculture Department will provide education to farmers growing sesame in YeU Township on how to expand sesame cultivation, how to cultivate it using planting methods, GAP methods, how to cultivate good varieties, and how to cultivate varieties with high yields.

206

# Kanbalu Township fully harvests rainfed green grams

**Kanbalu October 22**

All of the green grams planted in this year's rain crops planting season have been harvested in Kanbalu Township, Kanbalu District, Sagaing Region, according to the statistics of the Department of Agriculture for Kanbalu Township.

Kanbalu Township has been able to plant 88,724 acres of green grams during this year's rain crops planting season, and the green grams planted have been harvested since August this year. So far, 100% of the green grams have been harvested, yielding 18.17 baskets per acre.

"Currently, all the green grams planted have been harvested. The planting has been expanded beyond the target. There are education programs to expand green grams cultivation, and there are education programs to use good varieties for better yields," said U Myo Zaw, head of the Department of Agriculture for Kanbalu Township.

This year, the Township Agriculture Department has been educating farmers growing green grams in Kanbalu Township on the importance of obtaining good and clean varieties that are suitable for the region, proper planting methods, pest control, systematic use of fertilizers, and good yields.

206



A green gram plantation in Kanbalu Township.

# Plan underway to grow more than 3,000 acres of vegetables in Myaung Township

**Myaung October 22**

Sagaing District Agriculture Department stated that local farmers will grow more than 3,000 acres of vegetables in Myaung Township of Sagaing Region in coming cold season this year.

During the 2025–2026 winter crop season, Myaung Township plans to cultivate 3,994 acres of vegetables, with planting scheduled from October to December this year, according to reports.

"This year, for the upcoming winter crop season, over 3,000 acres of vegetables will be cultivated in Myaung Township. The crops include mustard, chilli, coriander, potato, cabbage, eggplant, Chinese cabbage, and cauliflower. Farmers are being provided with technical support to grow all these vegetables under the GAP system. Guidance is also given to ensure that crops are grown with minimal chemical residue and in line with health standards," said Daw Myat Moe Win, Head of the Sagaing District Agriculture Department.

In Myaung Township this year, the Township Agriculture Department is conducting training courses for farmers on GAP-based cultivation methods, providing technologies to ensure the vegetables harvested are healthy and safe, and encouraging farmers to expand vegetable production.

Vegetables are cultivated in the township seasonally each year, and the crops have been successful, contributing to family income. The Township Agriculture Department will continue to educate farmers on proper cultivation methods, pest-free farming practices, and the use of natural fertilizers, biopesticides, and repellents.

206

# French, Slovenian presidents call for independent Palestinian state

**Ljubljana October 22**

French President Emmanuel Macron and Slovenian President Natasa Pirc Musar on Tuesday expressed hope that the current Gaza peace deal will open the way to an independent Palestinian state, according to a statement from the Slovenian president's office.

The two leaders voiced support for implementing the Gaza peace agreement, saying it should mark "the first step toward lasting peace and political stability, leading to an independent Palestinian state as well as security and prosperity for all nations in the region." They also underscored the need to deploy peacekeeping forces and ensure humanitarian access and civilian safety in Gaza.

Slovenia recognized the Palestinian state in June 2024, followed by France in September 2025.

During his two-day visit to Slovenia, Macron also attended the MED9 summit of nine Mediterranean and Southern European Union member states in Portoroz. He later met with Slovenian Prime Minister Robert Golob, with the two sides signing an economic cooperation agreement. Macron said Europe should strengthen energy connectivity and boost competitiveness.

Xinhua

# North Korea launches ballistic missiles – Seoul

**Seoul October 22**

North Korea fired several ballistic missiles on Wednesday morning, South Korea's Joint Chiefs of Staff (JCS) have reported.

The short-range weapons were launched from the southern North Hwanghae Province and traveled roughly 350km before landing in North Hamgyong Province, in the country's northeast, according to a statement from Seoul. Military analysts believe the projectiles may have been of the same type tested by Pyongyang in September of 2024.

Japan's newly appointed prime minister, Sanae Takaichi, said Tokyo was sharing real-time tracking and warning data with both the United States and South Korea following the launches.

Pyongyang has not commented on the tests, which mark the latest in a series of ballistic missile trials this year. The previous round took place in early May.

Some media outlets have suggested that the new launch was timed in anticipation of US President Donald Trump's upcoming visit to South Korea. He is scheduled to attend the Asia-Pacific Economic Cooperation (APEC) summit next week in the coastal city of Gyeongju.

RT



A North Korean missile test.

# More than 30,000 acres of rainfed paddy planted in Kyunhla Township this year


A monsoon paddy plantation.

**Kyunhla October 22**

Statistics of the township Agriculture Department, Kyunhla Township of Sagaing Region has planted 34,099 acres of monsoon paddy in the township this year.

In the 2025-2026 monsoon crop season, Kyunhla Township planned to cultivate 34,097 acres of rainfed paddy. Cultivation began in July this year, and to date 34,099 acres have been completed, exceeding the target.

"This year, Kyunhla Township set a target of cultivating 34,097 acres of rainfed paddy. Up to now, 34,099 acres have been planted, surpassing the plan. Technical support and quality seeds were provided as needed, enabling farmers to carry out timely cultivation," said Daw Myint Myint Yi, Head of the Kyunhla Township Department of Agriculture.

During this year's monsoon crop season, the township's Department of Agriculture has been working in cooperation with local farmers to ensure systematic cultivation without difficulties. Farmers have been provided with agricultural knowledge, pest control awareness, and guidance to prevent crop losses, as well as instructions on timely storage of harvested paddy under shelter.

Officials and staff of the township Department of Agriculture are also carrying out field activities to ensure successful harvests and good yields. These include encouraging the use of quality and pure seed varieties, pest prevention, proper weeding and thinning, removal of mixed varieties, and systematic use of fertilizers. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Naga region expands sown acreage of rainfed paddy this year

**Naga October 22**

Local farmers expanded sown acreage of rainfed paddy in Naga Self-Administered Zone in Sagaing Region this year, according to the statistics of Sagaing Region Agriculture Department.

During the 2025–2026 monsoon crop season, the Naga Self-Administered Zone had set a target to cultivate 25,400 acres of rainfed paddy. Planting began in May this year, and as of today, 26,642 acres have already been cultivated, surpassing the target, according to reports.

"This year, the target for rainfed paddy cultivation in the Naga Self-Administered Zone was 25,400 acres. To date, 26,642 acres have been planted, which exceeds the target. Farmers are being provided with the necessary technologies and paddy varieties, and field supervision is being carried out to ensure timely cultivation," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

Local farmers planted 3,330 acres of rainfed paddy in Leshi Township, 2,028 acres in Sumra, 5,884 acres in Lahe Township, 1,511 acres in Thangpakhwe, 3,201 acres in Nanyun, 4,909 acres in Donhee and 5,779 acres in Pansawng, totalling 26,642 acres.

In 2025-26 monsoon crop growing season, Leshi Township earmarked cultivation of 3,330 acres of rainfed paddy, 2,028 acres in Sumra, 5,884 acres in Lahe Township, 1,511 acres in Thangpakhwe, 2,556 acres in Nanyun, 4,909 acres in Donhee and 5,182 acres in Pansawng, totalling 25,400 acres.

During this year's monsoon crop season, township agriculture departments and local farmers are working together to ensure systematic cultivation of rainfed paddy without difficulties.

Farmers in the Naga Self-Administered Zone are being provided with agricultural technologies, awareness on pest prevention, measures to avoid crop damage or loss, and guidance to ensure harvested paddy is timely placed under shelter.

This year, the rainfed paddy fields cultivated in the Naga Self-Administered Zone are thriving. To ensure good yields, township agriculture departments and staff are conducting field supervision, providing guidance on selecting quality and pure seeds, preventing pest infestations, transplanting seedlings, weeding, and applying fertilizers systematically. 206

# YeU Township to plant more than 3,000 acres lima bean in coming cold season

**YeU October 22**

More than 3,000 acres of croplands will be placed under lima bean in YeU Township of Sagaing Region this year, according to the YeU District Agriculture Department.

In the 2025-2026 winter crop season, YeU Township has planned to cultivate 3,147 acres of lima beans between October and December this year.

"This year, during the upcoming winter crop season in YeU Township, more than 3,000 acres of lima beans are planned for cultivation. Efforts will be made to ensure the full targeted acreage is achieved. Lima beans are grown only in the winter season, and their cultivation has been thriving. Farmers prefer to grow lima beans because they fetch good market prices," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

During this year's monsoon crop season, some local farmers in YeU Township grew lima beans as a main crop, while others practiced intercropping to earn additional income.

The township Department of Agriculture is supporting farmers engaged in multi-crop cultivation by providing assistance to improve yields, encouraging the use of quality seed varieties, and offering the necessary technical knowledge. Farmers are also being trained in natural pesticide preparation and use, preventive measures against crop pests and diseases, and timely harvesting methods. 206


A lima bean farm.

# Htigyaing Township to grow more than 12,000 acres of groundnut in coming cold season

**Htigyaing October 22**

The statistics of Htigyaing Township mentioned that local authorities have earmarked cultivation of more than 12,000 acres of groundnut in Htigyaing Township of Sagaing Region in coming cold season this year.

During the 2025–2026 winter crop season, Htigyaing Township has set a target to cultivate 12,280 acres of groundnut. Planting will take place from October to December this year, according to reports.

"This winter season, more than 12,000 acres of groundnut will be cultivated in Htigyaing Township. Efforts are being made to meet the targeted acreage, and groundnut cultivation is thriving. As an oil crop, it is in a successful position, and groundnut production is improving year by year," said U Ko Ko Aung, Head of the Htigyaing Township Agriculture Department.

In Htigyaing Township, one and a half baskets of seeds are used per acre, with expenses exceeding K200,000 per acre, including seed cost, labor charges, fertilizer, and pesticide. Each acre produces more than 50 baskets of groundnut on average.

This year, to ensure successful cultivation, prevent pest infestations, and keep fields free of weeds, township agriculture staff are carrying out field inspections and recording field monitoring data. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်တပ်မတော် အမြောက်၊ လေထီးတပ်ရင်းက တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးလေ့ကျင့်မှုများ ပြုလုပ်နိုင်ခဲ့



ပြင်သစ်တပ်မတော်၏ အမှတ်(၃၅) အမြောက်၊ လေထီးတပ်ရင်းသည် ကန်ဂျူး အခြေစိုက်စခန်းတွင် တန်ပြန်ဒရုန်းတိုက်ဖျက်လေ့ကျင့်မှုများပြုလုပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတပ်ရင်းကြီးသည် PROTEUS တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစနစ်များကို Standard 1 များအနေဖြင့် စတင်တပ်ဖြန့်အသုံးပြုခဲ့သော တပ်ဖွဲ့တစ်ခုဖြစ်ပြီး တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးနယ်ပယ်တွင် ဒရုန်းရန်ကာကွယ်ရေးကို အထူးအာရုံစိုက်လာကြောင်း သိရသည်။

ဤလုပ်ဆောင်ချက်သည် ခေတ်သစ်ကြည်းတပ်စစ်ဆင်ရေးများကို ပုံဖော်ပေးလာမည့် တန်ဖိုးနည်းလေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရင်ဆိုင်နိုင်ရန် ရှေ့တန်းကျကျ တိုက်ပွဲဝင်ကြရမည့် တပ်ဖွဲ့ဝင်များကို မည်သို့ပြုပြင်ပြောင်းလဲသင့်သည်ဆိုသည့်အပေါ် မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။ နောက်တန်းဇရိယာများထိ ဒရုန်းများဖြင့်တိုက်ခိုက်လာမှုများမြင့်တက်လာချိန်တွင် တပ်ရင်းတပ်ဖွဲ့များအတွက် ဒရုန်းရန်ကာကွယ်ရေးသည် နေရာမရွေး အရေးပါလာခဲ့ပြီဖြစ်သည်။

PROTEUS Standard 1 သည် TRM 2000 ယာဉ်ပေါ်တွင် တပ်ဆင်ထားသော ၂၀ မမ အလိုအလျောက်ပစ်ခတ်နိုင်သည့် အမြောက်တွင် လေကွဲကျည်များထည့်သွင်း၍ ဒရုန်းများကို တိုက်ခိုက်ချေမှုန်းနိုင်သည့် အနီးကပ်တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ်ဖြစ်ပြီး နေ့ညသုံး SANDRA ချိန်ဆိုဒ် တပ်ဆင်အသုံးပြုထားသည်။ အဆိုပါစနစ်သည် အနိမ့်ပျံအသေးစားဒရုန်းများကို ရှာဖွေထောက်လှမ်းခြင်း၊ ခြေရာခံထိန်းကျောင်းခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးခြင်းတို့အား အလင်းရောင်ရရှိသည့် အခြေအနေအမျိုးမျိုးအောက်တွင် ဆောင်ရွက်နိုင်စွမ်း ရှိမည်ဖြစ်သည်။ လှုပ်ရှားတပ်ဖွဲ့ဝင်များအတွက် အဆင်ပြေစေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး PROTEUS တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်သည် ပြင်သစ်တပ်မတော်တွင် လက်ရှိအသုံးပြုနေသည့် အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် optical detection နည်းလမ်းများပါဝင်သည့် ဒရုန်းရန်ကာကွယ်ရေး Soft-Kill အပိုင်း၌ ထပ်မံအားဖြည့်ပေးနိုင်မည့် Hard-Kill နည်းလမ်းသုံးစနစ်တစ်ခုပင်ဖြစ်သည်။ လက်ရှိတွင် ပြင်သစ်ကြည်းတပ်၌ VAB ARLAD ကင်းထောက်စွမ်းရည်နှင့် NEROD ရိုင်ဖယ်ဂျမ်မာတို့နှင့်အတူ တွဲဖက်အသုံးပြုသွားရန်ရှိပြီး တပ်ရင်းတပ်ဖွဲ့မှူးများအတွက် နည်းလမ်းမျိုးစုံ ရွေးချယ်အသုံးပြုနိုင်စေမည်လည်းဖြစ်ပါသည်။

တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုမှုအနေဖြင့် အမှတ်(၄) တပ်ခွဲ၊ အမြောက်လေထီးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၈ ရက်တွင် တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုလေ့ကျင့်မှုများ အတွဲလိုက်ပြုလုပ်နိုင်ခဲ့ကြပြီး သတ်မှတ်ထားသော သက်ဆိုင်ရာပစ်မှတ်များအလိုက် အာရုံခံထောက်လှမ်းခြင်းမှသည် ပစ်ခတ်ချေမှုန်းသည်ထိ တိုက်ပွဲလုပ်ငန်းစဉ်များကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ယခုအခါ တပ်ရင်းအဆင့် နည်းဗျူဟာ၊ နည်းပညာနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်ပြုပြင်မွမ်းမံရန် လမ်းဖွင့်ပေးနိုင်ခဲ့ခြင်းလည်းဖြစ်ပြီး အတွေ့အကြုံရှိသော လေထီးအမြောက်တပ်သားများ မွေးထုတ်ပေးနိုင်ရန် ပေါ်ပေါက်လာနေသော တန်ပြန်ဒရုန်းရန်ချေမှုန်းရေးနည်းလမ်းများနှင့် တွဲဖက်၍ အရှိန်မြှင့်တင်လေ့ကျင့်နိုင်မည်ဖြစ်သည်။ ဤကဲ့သို့ပြုလုပ်နေသည့် ချဉ်းကပ်မှုနည်းလမ်းမှသည် လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလျက်ရှိသော တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး လိုအပ်ချက်များအတွက် ပိုမိုကျယ်ပြန့်သည့် ကြည်းတပ်၏ အကောင်အထည်ဖော် ကျင့်သုံးလာမှုကို ထင်ဟပ်စေလျက်ရှိကာ အများအားဖြင့် လက်တွေ့အသုံးပြုချိန်နှင့် ရေရှည်တည်တံ့မှုတို့သည် တစ်သီးပုဂ္ဂလ၊ အလွန်ကောင်းမွန်သည့် ဖြေရှင်းချက်များထက် ပို၍အရေးပါသော အခြေအနေမျိုးကို ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း သိရသည်။

ကန်ဂျူးအခြေစိုက်စခန်းတွင် ပြုလုပ်ခဲ့သောလေ့ကျင့်မှုများသည် ပြင်သစ်နိုင်ငံအနေဖြင့် ရှေ့တန်းအတွေ့အကြုံကို တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေးစွမ်းအားအဖြစ် လက်တွေ့ကျကျကြိုးပမ်းနေပြီး စစ်ကြောင်းများ ချက်ချင်းဖြန့်ကြက်အသုံးပြုနိုင်၊ လျင်မြန်စွာပြုပြင်မွမ်းမံနိုင်ပြီး အများအပြား ဆက်လက်ထိန်းသိမ်းထားနိုင်စွမ်းရှိကြောင်း ပြတ်သားသည့် သတင်းစကားပေးပို့လိုရင်းလည်း ဖြစ်သည်။ အမြောက်၊ လေထီးတပ်သားများသည် ဂျမ်မာများ၊ ထောက်လှမ်းရေးယာဉ်များနှင့် ပေါင်းစပ်အသုံးပြုနိုင်မည့် စစ်ကြောင်းနှင့်အတူ တန်ပြန်ဒရုန်းရန်တိုက်ဖျက်ရေး Hard-Kill နည်းလမ်းကို ပိုင်ဆိုင်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**French paratroopers test new PROTEUS anti-drone system by Army Recognition ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်Dedrone ကုမ္ပဏီနှင့် ဂျာမနီ TYTAN ကုမ္ပဏီတို့ပူးပေါင်းပြီး ဒရုန်းခြိမ်းခြောက်မှုများကို ထောက်လှမ်းခြင်းနှင့် တုံ့ပြန်ခြင်းစွမ်းရည်များမြှင့်တင်



အမေရိကန်ကုမ္ပဏီ Dedrone နှင့် ဂျာမနီကာကွယ်ရေးလုပ်ငန်း ကုမ္ပဏီ TYTAN တို့ပူးပေါင်းပြီးမဟာမိတ်လေပိုင်နက်တစ်လျှောက်ရှိ ဒရုန်းခြိမ်းခြောက်မှုများကို ထောက်လှမ်းခြင်းနှင့် တုံ့ပြန်ခြင်းစွမ်းရည်ကို မြှင့်တင်ရန်အတွက် NATO အဖွဲ့ကို အထောက်အကူပြုသွားမည်ဖြစ်ကြောင်းThe Defense Post သတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤပူးပေါင်းဆောင်ရွက်မှုတွင် Dedrone ကုမ္ပဏီ၏ AI-Driven လေပိုင်နက်စောင့်ကြည့်ရေးပလက်ဖောင်းကို TYTAN ကုမ္ပဏီ၏ ဒရုန်းများကို နေရာရှာခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်နိုင်သည့် အလိုအလျောက် ကြားဖြတ်တိုက်ခိုက်ရေးစနစ်များနှင့် ပေါင်းစပ်ထားသည်။

ဤကုမ္ပဏီနှစ်ခု ပူးပေါင်းကာ အသေးစားစီးပွားဖြစ်သုံးဒရုန်းများမှသည် စစ်ဘက်သုံး Group 3 အုပ်စုဝင်ဒရုန်းများထိ ခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် Full-Spectrum တန်ပြန်ဒရုန်းတိုက်ဖျက်ရေး(C-UAS)စနစ်ကို ရောင်းချပေးနိုင်ရန် ကမ်းလှမ်းချက်များ ထုတ်ပြန်ထားကြသည်။

Dedrone ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ Tracker.AI ပလက်ဖောင်းကို နိုင်ငံပေါင်း ၃၀ ကျော်တွင် အသုံးပြုလျက်ရှိပြီး ဒရုန်း သန်း ၈၀၀ ကျော်ကို ထောက်လှမ်းတွေ့ရှိခဲ့ပြီးဖြစ်သည်ဟု သိရသည်။ ၎င်းသည် ရေဒါ၊ ရေဒီယိုကြိမ်နှုန်း၊ မြင်ကွင်းနှင့် အသံအချက်အလက်များကို တစ်ခုတည်းသော လေကြောင်းပိုင်နက်မြင်ကွင်းအဖြစ် ပေါင်းစည်းပုံဖော်ပေးနိုင်မည်ဖြစ်သည်။ TYTAN ကုမ္ပဏီထုတ်ကြားဖြတ်တိုက်ခိုက်ရေးစနစ်များသည် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တုံ့ပြန်မှုရွေးချယ်ခွင့်ကို ထည့်သွင်းပေးထားပြီး NATO မိတ်ဖက်နိုင်ငံများအား ခြိမ်းခြောက်မှုများကို ဖော်ထုတ်ခြင်းမှသည် စက္ကန့်ပိုင်းအတွင်း တိုက်ခိုက်ဖျက်ဆီးခြင်းထိ လျင်မြန်စွာလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

ဤပူးပေါင်းဆောင်ရွက်မှုသည် NATO အဖွဲ့ဝင်နိုင်ငံများက လေကြောင်းနှင့်ဒရုန်းရန်ကာကွယ်ရေးများကို အားကောင်းလာစေရန် ကြိုးပမ်းမှုများတိုးမြှင့်နေချိန်တွင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ယူကရိန်းနှင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများမှရရှိသော သင်ခန်းစာများအရ ဈေးသက်သာပြီး အရွယ်အစားသေးငယ်သော ဒရုန်းများသည် အရေးပါသောအခြေခံ အဆောက်အအုံများကို ပျက်စီးစေနိုင်ပြီး သမားရိုးကျ ကာကွယ်ရေးစနစ်များကို အင်အားလွှမ်းမိုးနိုင်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။

ဂျာမနီနိုင်ငံသည် စစ်ဘက်အခြေစိုက်စခန်းများနှင့် အဓိကလေဆိပ်များတွင် ၎င်း၏ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များကို မြှင့်တင်ရန်အတွက် Hensoldt ကုမ္ပဏီကို တာဝန်ပေးအပ်ထားပြီး ရေဒါနှင့် electro-optical tracking ခြေရာခံထိန်းကျောင်းရေးစနစ်များကို ဖိဖျက်နှောင့်ယှက်မှု jamming နည်းပညာတို့နှင့် ပေါင်းစပ်အသုံးပြုလျက်ရှိသည်။

**Dedrone, TYTAN Partner to Boost NATO's Counter-Drone Capabilities ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၀၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပဲကြီးစိုက်ခင်းကိုတွေ့ရစဉ်။

**ချောင်းဦး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၀၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၀၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ နောက်ဆုံးပတ်မှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါ ပဲကြီးများ စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲကြီးဧက ၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးသွားပါမယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပို့လျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲကြီးကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)




# မကွေးမြို့နယ် ရှားဇောင်းကန်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး



**မကွေး အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရှားဇောင်းကန်ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရှားဇောင်းကန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး သတ်မှတ်အတိုင်းအတာ ပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသိရသည်။

မကွေးမြို့နယ် ရှားဇောင်းကန်ကျေးရွာ၌ အရှည် တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၇၆ သန်းအသုံးပြုပြီး Myint Zu Aung ကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၂၅ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးပါက ရှားဇောင်းကန်ကျေးရွာရှိ အိမ်ခြေ ၆၂၄ အိမ်၏လယ်ယာမြေဧက ၄၆၈ ဧကမှ ထွက်ရှိသည့် သီးနှံများ ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

**ချိုလေး**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်အစုံပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်အစုံ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်းက ပုစွန်အစုံပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ပုစွန်အစုံပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းက ပုစွန်အစုံပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့ လုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ ဒေသရေထွက်ကုန်တွေကိုကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်တစ်ပိဿာဈေးနှုန်းများမှာ ပုစွန်ဆိတ်သေး ငွေကျပ် ၁၈၅၀၀ မှ ၂၁၅၀၀၊ ပုစွန်ဆိတ်ကြီး ငွေကျပ် ၁၈၅၀၀ မှ ၂၃၅၀၀၊ ပုစွန်ဘော့ချိတ်ငွေကျပ် ၂၀၅၀၀ မှ ၂၆၀၀၀၊ ပုစွန်ပြောင်ထုပ်ကြီး ငွေကျပ် ၄၅၀၀၀ မှ ၆၅၀၀၀ စသည်ဖြင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ပျော်ဘွယ် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အုန်းပင်ခြံကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၁ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ်ဦးအောင်လင်းဒွေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စအန်နာဆာဂျီယဲဗ်နာ့ဗင်နီကော့ဗာ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍတို့တွင်



ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ်နှင့် အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးမင်းမင်းတို့တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ နိုဗိုစီဗစ်ဒေသဆိုင်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးရုံးနှင့် နိုဗိုစီဗစ်ဒေသ အစိုးရအဖွဲ့ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ❑ သီပေါမြို့မှ

ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရေးစသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍ ထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ သီပေါမြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၁ ရက်မှစ၍ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၆၀၇ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၇၁၉ ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများကို ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

အလားတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ






သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်ဆက်လက် လက်ခံနေမှုကို တွေ့ရစဉ်။




လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ပြုလုပ်ပေးခြင်းတို့ကို စတင်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းစီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၂**

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံတွင် စားသုံးဆီနှင့်ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း စီမံကိန်းစတင်ရေး အလုပ်ရုံဆွေးနွေးပွဲ (Project Inception Work-shop)ကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ “မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ပဲပုပ်ကြိတ်ဖတ်ဖူလုံရေးအတွက် ပဲပုပ်ကြိတ်ခွဲရန် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Establishment of a Soybean Processing Plant through Research and Development for Cooking Oil and Soy-bean Meal Sufficiency in Myanmar)” စီမံကိန်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ယခင်စီမံကိန်း၏ အောင်မြင်မှုအတွေ့အကြုံများအပေါ် အတွေ့အကြုံရယူ၍ ပိုမိုတိုးတက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းအသစ်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်၏ ၅၈ ရာခိုင်နှုန်း နီးပါးကိုနိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံကာ တင်သွင်းနေရလျက်ရှိပြီး မွေးမြူရေးကဏ္ဍအတွက်မရှိမဖြစ်လိုအပ်သော ပဲပုပ်ကြိတ်ဖတ်ကိုလည်း နှစ်စဉ် မက်ထရစ်တန်ချိန် သုည ဒသမ ဖသန်းခန့် ပြည်ပမှဝယ်ယူနေရကြောင်း၊ ၎င်းလိုအပ်ချက်နှစ်ခုလုံးကို ပြည်တွင်းဖြစ်ထုတ်ကုန်များဖြင့် လုံလောက်စွာဖြည့်ဆည်းပေးနိုင်ရန်အတွက် အရည်အသွေးပြည့်မီသည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး အပါအဝင်ယခုစီမံကိန်းသည် ပြည်တွင်းစွမ်းအား၊ သုတေသနနှင့် နည်းပညာများဖြင့် ရင်ဆိုင်ဖြေရှင်းမည့် မဟာဗျူဟာမြောက်ချဉ်းကပ်မှုဖြစ်ပါကြောင်း၊ ၎င်းစီမံကိန်း၏ အဓိကရည်မှန်းချက်မှာ ပဲပုပ်စိုက်ပျိုးရေးမှသည် တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သည့် စားသုံးဆီနှင့် ပဲပုပ်ဖတ်အထိ တန်ဖိုးကွင်းဆက်တစ်ခုလုံးကို ခိုင်မာအောင်တည်ဆောက်ရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။


ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းအစီအစဉ်များကိုတင်ပြရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရှင်များ၊ သုတေသီများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံပိုင်စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ ကုမ္ပဏီများမှ ဥက္ကဋ္ဌများနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၂**

၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ် တက်ရောက်ရန်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ နိုင်ငံပိုင် China National Oil & Gas Exploration and Development Corpo-ration(CNODC)ဧည့်ခန်းမဆောင်၌ CNODC ဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်များတွင် နှစ်ဖက်အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ ကမ်းလွန်စီမံကိန်းများနှင့်စပ်လျဉ်း၍ စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့်ဥပဒေရေးရာ ကဏ္ဍများတွင် သင်တန်းများစေလွှတ်၍ သင်ယူလေ့လာရေး၊ နှစ်ဖက်နီးကပ်စွာထိတွေ့ဆက်ဆံနိုင်ရေးအတွက် Working Group များ အပြန်အလှန်စေလွှတ်ရေး၊ မြန်မာ့စွမ်းအင်ကဏ္ဍတွင် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလာစေရေးအတွက် လိုအပ်သည့် အကူအညီဖြည့်ဆည်းပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် Canadian Foresight Group (CFG) နှင့် China Oilfield Services Lim-ited (COSL) တို့၏ဥက္ကဋ္ဌများ ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး နှစ်ဖက်အလားအလာကောင်းမွန်သော ကမ်းလွန်လုပ်ကွက်တွင် တူးဖော်ရေးဆိုင်ရာကိစ္စရပ်များ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် CNPC ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ပေကျင်းမြို့ရှိ နိုင်ငံပိုင် China Na-tional Petroleum Corporation (CNPC) ဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ အလားအလာကောင်းသော ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုလာရောက်ဆောင်ရွက်ရေး၊ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို သွယ်တန်းထားပြီးဖြစ်သည့် အရှေ့တောင်အာရှ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်း ပို့လွှတ်သယ်ဆောင်နိုင်ရေး၊ ကမ်းလွန်လုပ်ကွက်အသစ်များကို လေ့လာပြီး ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့တောင်အာရှ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့်အဝအသုံးပြုနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်းတွင်းပိုက်လိုင်းများအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း အသုံးပြုနိုင်ရန်အတွက် အစားထိုးလဲလှယ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများတွင် စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများဖော်ဆောင်ပေးရေး၊ ရေနံချက်စက်ရုံများ အသစ်တိုးချဲ့တည်ဆောက်ခြင်း စီမံကိန်းများအတွက် လိုအပ်သည့်ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ စဉ်ဆက်မပြတ်ရရှိနိုင်ရေး၊ ပိုက်လိုင်းလုံခြုံရေးနှင့်ပိုက်လိုင်းတစ်လျှောက်နယ်မြေဒေသများ တည်ငြိမ်အေးချမ်းစေရန် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် သံပရာကန်ရေနံချက်စက်ရုံစီမံကိန်းကို တာဝန်ယူဆောင်ရွက်မည့် Sino-pipeline International(SPI)ကုမ္ပဏီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် အလုပ်သဘော နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ထိုသို့သုံးဆောင်စဉ် ရေနံချက်စက်ရုံ အသစ်စီမံကိန်းအတွက် လိုအပ်သည့် ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်နိုင်ရန် ပိုက်လိုင်းများသွယ်တန်းနိုင်ရေး၊ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ၏ စွမ်းရည်အပြည့် အသုံးပြုနိုင်ရန်အတွက် ကနဦးဆန်းစစ်ခြင်းများကို လျင်မြန်စွာစတင်ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်ရေးတို့ကို အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးအား စွမ်းအင်ကဏ္ဍဆိုင်ရာအဖွဲ့များမှ အကြီးအကဲများက လာရောက်တွေ့ဆုံကြပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံတည်ဆောက်ခြင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တပ်ဆင်သွယ်တန်းခြင်း၊ စွမ်းအင်ကဏ္ဍတွင် အသုံးပြုလျက်ရှိသည့် ခေတ်မီစက်ပစ္စည်းကိရိယာများနှင့် နည်းပညာများအား ရှင်းလင်းတင်ပြခြင်း၊ ကျောက်မီးသွေးမှ ဓာတ်မြေဩဇာထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ သန့်ရှင်းသော စွမ်းအင်အမျိုးမျိုးအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းဆိုင်ရာ ကိစ္စရပ်များတွင် ဆောင်ရွက်နိုင်မည့်အခြေအနေကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏စွမ်းအင်ကဏ္ဍတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ များစွာရှိသဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြန်လည်ဖိတ်ခေါ်ဆွေးနွေးသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံပိုင် ဘူမိရူပစူးစမ်းလေ့လာရေးနှင့် ရေနံရှာဖွေရေးပစ္စည်းများထုတ်လုပ်သည့် BGP ကုမ္ပဏီသို့သွားရောက်၍ 3D Seismic ကို အသုံးပြုပြီး လက်တွေ့တိုင်းတာဆောင်ရွက်မှုများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးနည်းပညာများ၊ Seismic တိုင်းတာရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်နေမှုတို့ကို သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ကျောင်းသူများကို ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင်ကျောင်းသား၊ ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူ ၃၂၀ ဦးအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ဆရာ၊ ဆရာမ ၁၂၅ ဦးအတွက် ကျောင်းဝတ်စုံများကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဖြာ၁)




အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ကျောင်းသူတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

---

**ရှေ့ဖုံးမှအဆက်**

နိုင်ငံတကာ မျက်နှာစာဘက်တွင်လည်း နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတကာ ခေါင်းဆောင်များအကြား ထိတွေ့ဆက်ဆံမှုများအကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ထောက်ခံအားပေးမှုနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု စသည့်အခွင့်အလမ်းများပိုမိုရရှိလာခဲ့ကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများအနေဖြင့် အဆိုပါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများအနက် နည်းပညာဖွံ့ဖြိုးမှုနှင့် ပြည်ပကုန်သွယ်မှုတို့သည် အဓိကကျသည့်အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာလုပ်ငန်းများအလိုက် အောင်မြင်အောင်အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကုန်သွယ်ရေးစနစ်တွင်လည်း လျင်မြန်သည့် On Net 2.0 စနစ်ဖြင့် စတင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်နှင့် ကုန်သွယ်မှုလုပ်ငန်းကဏ္ဍများဖွံ့ဖြိုးရေးစနစ်တကျပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် သီးနှံအထွက်တိုးမြှင့်ရေးသည် နိုင်ငံ၏အဓိကပန်းတိုင်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ပြီး စားနပ်ရိက္ခာလုံလောက်စွာရရှိနိုင်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မျိုးစေ့ဖွံ့ဖြိုးရေးဌာနများ၊ သုတေသနဌာနများပူးပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း နိုင်ငံအနှံ့မျိုးကောင်းမျိုးသန့် မျိုးမှန်ရရှိရေးအတွက် သုတေသနလုပ်ငန်းသစ်များ ထပ်မံတိုးမြှင့်အလေးထား ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ စိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင် ချည်မျှင်ရှည်ဝါ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်တွင်းဖူလုံရုံသာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ်ဝါးတန်ချိန်များစွာထွက်ရှိသည့်အတွက် ဝါးကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများအပြင် ဝါးစက္ကူပျော့ဖတ်ကို ထုတ်လုပ်နိုင်ရန်အတွက် စီမံကိန်းချမှတ်ပြီး စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်း၊ ရော်ဘာနှင့် ရော်ဘာထုတ်ကုန်ပစ္စည်းများကိုလည်း ပြည်တွင်းမှထွက်ရှိသည့် ရော်ဘာအခြေခံကုန်ကြမ်းများအသုံးပြု၍ အဆင့်မြင့် ကုန်ချောထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်စေနိုင်ကြောင်း၊ သီးနှံအထွက်တိုးမြှင့်ရေးသည် တောင်သူများ၏အကျိုးသာမက နိုင်ငံ၏အောင်မြင်မှုလည်းဖြစ်သောကြောင့် မဖြစ်မနေအလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာများကို မိုးစပါးစိုက်တောင်သူများအတွက် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)များကိုလည်း ထောက်ပံ့ပေးထားကြောင်း၊ အဆိုပါထောက်ပံ့ပေးထားသည့် ဒေသများတွင် ပန်းတိုင်အထွက်တိုးအမှန်တကယ်ရရှိရေး ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့်အတိုင်း နှစ်ရှည်သီးနှံပင်များကို တစ်အုပ်တစ်မစိုက်ပျိုးပြီး နိုင်ငံတွင်း သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းကို တိုးမြှင့်ရမည်ဖြစ်ကြောင်း။

စက်မှုကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေခံအားဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် ဒစ်ဂျစ်တယ်စနစ်၊ နည်းပညာသုံးထုတ်လုပ်မှုစနစ်နှင့်ပတ်သက်သည့် အသိပညာများရရှိရန် လိုအပ်ကြောင်းနှင့် အကျိုးအမြတ်ထက် တည်ငြိမ်ပြီး တိုးတက်မှုကို ဦးစားပေးသည့် ထုတ်လုပ်မှုနှင့် စက်မှုဖွံ့ဖြိုးရေးဖြစ်စေရန် ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုနှင့် အရေးယူမှုများနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရားမဝင်ကုန်သွယ်မှုသည် အဓိကအဟန့်အတားဖြစ်နေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်လျက်ရှိသည့်အတွက် တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာဌာနများက ယခုထက်ပိုမိုတားဆီးကြပ်မတ်ဆောင်ရွက်စေလိုကြောင်းနှင့် ဖမ်းဆီးရမိမှုများကို ဥပဒေပုဒ်မမှန်မှန်ကန်ကန်ဖြင့် တရားစွဲအရေးယူရန်လိုအပ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ လူတိုင်း ပညာသင်ယူမှုအခွင့်အလမ်းများမြှင့်တင်ရေး၊ နိုင်ငံသားတိုင်း KG+9 ပြီးမြောက်အောင်မြင်ရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများ အားပေးဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့်နီးပါး အတန်းစဉ်အောင်မြင်ရေးနှင့် ပညာရေးဆုံးခန်းတိုင်အောင်သင်ကြားပေးရေး အတန်းစဉ်ကူးပြောင်းရာတွင် ရှိရင်းကျောင်းသားဦးရေထက် လျော့နည်းမသွားစေရေး ကြပ်မတ်ဆောင်ရွက်ရေးနှင့် နိုင်ငံတော်က ချမှတ်ထားသည့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ လက်ရှိ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားလာပါကလည်း အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက **"ဆေးရုံတိုင်း ဆရာဝန် ရှိရမည်"**ဟု မူဝါဒချမှတ်ပေးထားသည့်အတွက် ဆေးရုံများအတွက် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားပေးရန် လိုအပ်ကြောင်း။

အားကစားကဏ္ဍနှင့်ပတ်သက်၍ "အားကစားကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံတော်အကြီးအကဲအနေဖြင့် အားကစားကဏ္ဍကို အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ မြို့ကြီးများတွင် မိုးလုံလေလုံအားကစားရုံ၊ ရေကူးကန်၊ လူဦးရေ ၅၀၀၀ ပွဲကြည့်နိုင်သည့် အဆင့်မြင့်ပွဲကြည့်စင်နှင့် Synthetic Rubber Track and Field ကွင်းအပါအဝင် ဘောလုံးကွင်းများကို ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းအောင် လေ့ကျင့်မွေးမြူပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးကြစေလိုကြောင်း၊ မကြာမီ ထိုင်းနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်မည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကြပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်အားပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ကဏ္ဍနှင့်စပ်လျဉ်း၍ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် တင်ပြတောင်းခံထားသည့် အသုံးစရိတ်များနှင့် လုပ်ငန်းများသည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့်အတွက် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစေရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အခွန်ကဏ္ဍသည် အရေးကြီးသည့်အတွက် အခွန်ကောက်ခံမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် သတ်မှတ်ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများကို လိုက်နာရမည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများအတိုင်း အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ကို ပြည်သူများ အသုံးပြုတတ်စေရန် ပညာပေးရေး၊ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရေး စသည်များကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက အမှာစာများကို ရှင်းလင်းဖတ်ကြားတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုဝန်ကြီးများ၏ တင်ပြဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(ဖြာ၁)

**၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် တင်ပြတောင်းခံထားသည့် အသုံးစရိတ်များနှင့် လုပ်ငန်းများသည် နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့်အတွက် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီစေရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်၊ အခွန်ကဏ္ဍသည် အရေးကြီးသည့်အတွက် အခွန်ကောက်ခံမှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန်လိုအပ် . . .**

# မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး



နေပြည်တော် အောက်တိုဘာ ၂၂ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Ms. Gwyn Lewis အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်း ဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၂ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၉၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာနုနုလွင်<br>ဒုတိယပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>Naypyitaw State Academy<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာနေခြည်လဲ့လဲ့သိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စု အစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# ခိုလမ်မြို့ မဟာဗောဓိပရဟိတကျောင်းတိုက်၌ တည်ထားကိုးကွယ်မည့် မဟာဗောဓိအောင်တော်မူ စေတီတော်မြတ်ကြီး၏ အုတ်မြစ်တော်စီမင်္ဂလာပြုလုပ်



ခိုလမ်မြို့ မဟာဗောဓိပရဟိတကျောင်းတိုက်၌ တည်ထားကိုးကွယ်မည့် မဟာဗောဓိအောင်တော်မူစေတီတော်မြတ်ကြီး၏ အုတ်မြစ်တော်စီမင်္ဂလာပြုလုပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ မဟာဗောဓိကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်မည့် “မဟာဗောဓိအောင်တော်မူ” စေတီတော်မြတ်ကြီး၏ ရတနာအုတ်မြစ်တော်စီမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရတနာအုတ်မြစ်တော်စီ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် မဟာဗောဓိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တာဝန်ရှိသူများက မဟာဗောဓိကျောင်းတိုက် ဆရာတော်ထံ ရွှေအုတ်၊ ငွေအုတ်၊ ရတနာအုတ်များ ကပ်လှူကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

၎င်းနောက် မဟာဗောဓိကျောင်းတိုက် ဆရာတော်ဦးဆောင်၍ တက်ရောက်လာကြသူများက “မဟာဗောဓိအောင်တော်မူ” စေတီတော်မြတ်ကြီး တည်ထားကိုးကွယ်မည့်နေရာတွင် ရတနာအုတ်မြစ်များ စီခြယ်ပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၂၂**

ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စအန်နာဆာဂျီယဲဗ်နာ့ ဗင်နီကော့ဗာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Jasmin Naypyitaw Hotel ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးအပါအဝင် ကဏ္ဍစုံ၌ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နိုဗိုစီဗစ်ဒေသအကြား လေကြောင်းခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ်နှင့် ဒုတိယဝန်ကြီး ဦးအေးထွန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့သည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ကြည်ညိုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ

(၂၂ - ၁၀ -၂၀၂၅)


| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သာယာဝတီ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ခရမ်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |

# အားကောင်းသောအပူပိုင်းမုန်တိုင်း “ဖန်ရှန်” အပူပိုင်းမုန်တိုင်းအဖြစ် ဖြတ်ကျော်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၂**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း “ဖန်ရှန်” (FENGSHEN) သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့မြောက်ဘက် ရေမိုင် ၁၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ အားကောင်းသောအပူပိုင်းမုန်တိုင်း “ဖန်ရှန်”သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများကို ဒါနန်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထိုမှတစ်ဆင့် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံကုန်းတွင်းပိုင်းဒေသများမှတစ်ဆင့် လာအိုနိုင်ငံကို အပူပိုင်းမုန်တိုင်းအဖြစ်ဖြင့် ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



# အစမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ အသိပညာပေး

## တိုင်ကြားခြင်းဖြင့်မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား(NCM)ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ အစမ္မခိုင်းစေမှုရှိပါက ပြည်သူများအနေဖြင့် အလွယ်တကူတိုင်ကြားနိုင်ရန်နှင့် အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ထိရောက်စွာ အရေးယူဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ် တည်ရှိမှုနှင့်လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေ့ရှု၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ထို့အပြင် သင်၏တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တစ်နည်းတစ်ဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အစမ္မခိုင်းစေသူ၏ လုပ်ရပ်များအတွက် ထိုက်သင့်သော ပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်းတို့ကို မျှော်လင့်နိုင်ပါသည်။




## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပထမအားဖြင့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်)ခရိုင်အဆင့်ရှိ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများထံတိုင်ကြားလျှင် သင့်လျော်မည်ဟုထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်နိုင်ပါသည်။ အစမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသောကိစ္စရပ်များတွင် စိုးရိမ်မကင်းဖြစ်မှုကိုနီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြနိုင်ပါသည်။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက် မသင့်လျော်ဟုထင်မြင်ပါက သို့မဟုတ် အဆိုပါတိုင်ကြားမှုနှင့် စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် အားရကျေနပ်မှုမရှိပါက သက်ဆိုင်သော အချက်အလက် အထောက်အထားများဖြင့် တိုင်ကြားချက်ကို အောက်ပါအတိုင်းလိပ်မူပေးပို့နိုင်ပါသည်။

> အမျိုးသားအဆင့်အစမ္မခိုင်းစေမှုဆိုင်ရာ
> တိုင်ကြားမှုယန္တရား
> (National Complaint Mechanism-NCM)
> ဖုန်း- ၀၆၇-၃၄၃၀၀၉၀၊ ၀၆၇-၃၄၃၀၂၇၃၊
> ၀၆၇-၃၄၃၀၄၃၆
> E-mail directorgeneral.dol@gmail.com
> moloffice51@gmail.com
> organizationresearch25@gmail.com

## အစမ္မခိုင်းစေမှုပပျောက်ရေး

မြန်မာနိုင်ငံတွင် အစမ္မခိုင်းစေမှုလုံး၀ပပျောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့်ပူးပေါင်း၍ တိုင်ကြားမှုယန္တရား ထူထောင်ပြီး အစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ကာ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) မှအစမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## အစမ္မခိုင်းစေမှုဆိုသည်မှာအဘယ်နည်း

အစမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက (သို့မဟုတ်) မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည်ဟူသော ခြိမ်းခြောက်မှုဖြင့် ထိုသူ၏ဆန္ဒမပါဘဲ ဥပဒေနှင့်ဆန့်ကျင်၍ခိုင်းစေသောအလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အစမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက်ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်းတားမြစ်ထားပါသည်။

## မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့်ပထမ တိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ်(သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများမှတစ်ဆင့်တိုင်ကြားနိုင်ပါသည်။ (သို့မဟုတ်) နီးစပ်ရာတပ်သားသစ်စုဆောင်းရေး စခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက (သို့မဟုတ်) မနှစ်သက်ပါက အမျိုးသားအဆင့် အစမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM)သို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့် ဆက်နွယ်နေသူများနှင့် အစမ္မခိုင်းစေခံရသူများအား အနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန်အရေးယူခြင်းတို့ကို NCM မှ အကာအကွယ်ပေးထားပါသည်။ NCM သည်တန်ပြန်အရေးယူခြင်းမရှိသည်ကိုမှန်ကန်ကြောင်း အတည်ပြုရန်အလို့ငှာ အစမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ကိုယ်စားလှယ် (များ) (သို့မဟုတ်) အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ)နှင့် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာဆက်သွယ်ခွင့်ရှိပါသည်။

## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် နေထိုင်သူ တစ်ဦးဖြစ်သည့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးမှတိုင်ကြားနိုင်ပါသည်-

၁။ အစမ္မခိုင်းစေခံရသူ (သို့မဟုတ်)

၂။ အစမ္မခိုင်းစေခံရသူ၏ ဆွေမျိုးသားချင်း (သို့မဟုတ်)

၃။ အခြားသက်ဆိုင်သောပုဂ္ဂိုလ်

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင်သင်၏ တောင်းဆိုချက်အရ NCM မှ သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန် အလို့ငှာဖြစ်နိုင်ပါက အစမ္မခိုင်းစေသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထား စာရွက်စာတမ်းများ (ရှိခဲ့လျှင်)ကို ဓမ္မဓိဋ္ဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့် စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအား ပပျောက်သွားသည်အထိ တိုင်ကြားချက်မပြုလုပ်မီရှင်းပြသွားမည်ဖြစ်ပါသည်။

## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဋ္ဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ်အချက်အလက်များအားရှင်းလင်းစေရန် လိုအပ်ပါက NCM မှ တိုင်ကြားသူနှင့် တွေ့ဆုံမှုပြုလုပ်ရန် စီစဉ်ရမည် (သို့မဟုတ်) သင့်လျော်ပါက တိုင်ကြားမှုပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ NCM ရုံးအဖွဲ့သည် အချက်အလက်များမှန်ကန်မှု ရှိမရှိစိစစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့်သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။



**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

☆ ကျောက်ကပ်အစားထိုးမှ

ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူထားသော လူနာနှင့် အလှူရှင်များကိုတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဆေးရုံအုပ်ကြီး၊ ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများ၊ သူနာပြုများကို တွေ့ဆုံအားပေးကာ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို အောက်တိုဘာ ၁၆ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေ အသက် ၃၁ နှစ်ရှိ အမျိုးသားကျောက်ကပ်လူနာနှင့် ကျောက်ကပ်အလှူရှင် အစ်ကိုတော်စပ်သူ အသက် ၄၃ နှစ် အမျိုးသားတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက် ၉ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင်



ပြီးစီးခဲ့၍ စုစုပေါင်းခွဲစိတ်ချိန် ငါးနာရီကြာမြင့်ခဲ့သည်။

တတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို အောက်တိုဘာ ၁၇ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်နေ အသက် ၃၁ နှစ်ရှိ ကျောက်ကပ်လူနာ အမျိုးသမီး(သားဖွားဆရာမ)နှင့် ကျောက်ကပ်အလှူရှင် မိခင်တော်စပ်သူ အသက် ၅၂ နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး ခွဲစိတ်ကုသမှုကို နံနက် ၉နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် ခွဲစိတ်ကုသမှုပြီးစီးခဲ့၍ စုစုပေါင်း ခွဲစိတ်ချိန် ငါးနာရီခွဲကြာမြင့်ခဲ့သည်။

ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သောလူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီးကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင်ထားရှိကာ လိုအပ်သော ပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ပထမအကြိမ်ကျောက်ကပ်အစားထိုးကုသမှုဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်နှင့် တတိယအကြိမ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်မှ ပါမောက္ခ ဌာနမှူး ပါမောက္ခ ဒေါက်တာကျော်စိုးကျော်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာသဇင်ခိုင်နှင့် ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါမောက္ခ ဌာနမှူး ပါမောက္ခဒေါက်တာမျိုးသန်းတို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုသမှုဆိုင်ရာလုပ်ငန်းအဖွဲ့၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မှ ပါမောက္ခ ဒေါက်တာရည်ရည်ခိုင်၊ ပါမောက္ခ ဌာနမှူး(ငြိမ်း) ပါမောက္ခဒေါက်တာခင်သီတာသွင်၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အထူးကု ဆရာဝန်ကြီး ဒေါက်တာယဉ်ယဉ်မွန်၊ အထူးကုဆရာဝန်ကြီး ဒေါက်တာငုဝါဝါမင်းတို့ပါဝင်သော ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခ ဒေါက်တာမောင်မောင်ဆွေ၊ ပါမောက္ခ ဌာနမှူး(ငြိမ်း) ပါမောက္ခ ဒေါက်တာကြည်ကြည်စန်းတို့ပါဝင်သော မေ့ဆေးပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ပါမောက္ခဒေါက်တာစန်းစန္ဒာခင်နှင့် တွဲဖက်ပါမောက္ခ(အဏုဇီဝ) ဒေါက်တာခိုင်ဝင်းထွန်းတို့ပါဝင်သော ရောဂါရှာဖွေရေးလုပ်ငန်းအဖွဲ့၊ ပါမောက္ခဒေါက်တာစန်းစန္ဒာခင်၊ တွဲဖက်ပါမောက္ခ ဒေါက်တာခိုင်ဝင်းထွန်း၊ အထူးကုဆရာဝန်ကြီး (သွေးဗေဒ) ဒေါက်တာမီမီခိုင်တို့ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြုလုပ်ငန်းအဖွဲ့၊ ပါမောက္ခ ဒေါက်တာခိုင်ရွှေဝါ ဦးဆောင်သော ဓာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင်ဦးဆောင်သော ဆေးရုံစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဆရာဝန်များ၊ ဒုတိယညွှန်ကြားရေးမှူး(သူနာပြုအုပ်ကြီး) ဒေါ်စောရွှေနှင့် သူနာပြုများ၊ သူနာပြုကြီး ဒေါ်ခင်ထားဝင်း၊ သူနာပြုကြီး ဒေါ်သက်ဆု၊ သူနာပြုကြီး ဒေါ်ဥမ္မာလွင်တို့ဦးဆောင်သော ခွဲစိတ်ခန်းသူနာပြုများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံး ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများကပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁၃ ဒသမ ၉၄၅၈ တန်၊ သစ်မာ ၂၅ ဒသမ ၉၆၈၆ တန်၊ အခြား ၂၀ ဒသမ ၅၆၀၆ တန် စုစုပေါင်း ၆၀ ဒသမ ၄၇၅၀ တန်၊ ယာဉ်၊ ယန္တရားလေးစီး၊ တရားခံ ၁၀ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



တရားမဝင်သစ်များ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နိုင်ငံခြားသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်မှုသတင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၂**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မယ်ထော်သလေး(KK Park)နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် နိုင်ငံခြားသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယနေ့ထိ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ထိုင်းနိုင်ငံမှတစ်ဆင့် နယ်စပ်ကိုဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား အမျိုးသား ဦးရေ ၈၇၁၀ နှင့် အမျိုးသမီး ၇၉၆ ဦး စုစုပေါင်း ၉၅၀၆ ဦး၊ မြန်မာနိုင်ငံအတွင်းသို့ ရန်ကုန်လေဆိပ်မှ တရားဝင် ဝင်ရောက်လာပြီး မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် မယ်ထော်သလေး(KK Park) နယ်မြေများသို့ရောက်ရှိသွားသည့် နိုင်ငံခြားသား အမျိုးသား ၄၄ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၄၅ ဦးတို့ကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သဖြင့် စုစုပေါင်း နိုင်ငံ ၄၀ မှ နိုင်ငံခြားသား အမျိုးသား ၈၇၅၄ ဦးနှင့် အမျိုးသမီး ၇၉၇ ဦး စုစုပေါင်း ၉၅၅၁ ဦးဖြစ်ကြောင်း၊ အဆိုပါ နိုင်ငံခြားသားများကို ၎င်းတို့ဝင်ရောက်လာသည့် လမ်းကြောင်းအတိုင်း သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်၍ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင့်လွှဲပြောင်းပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ နိုင်ငံခြားသား အမျိုးသား ဦးရေ ၈၅၆၀၊ အမျိုးသမီး ၇၇၉ ဦး စုစုပေါင်း ၉၃၃၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများဖြင့် စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

ကျန်ရှိနေသည့် ပြည်ပနိုင်ငံသား အမျိုးသား ၁၉၄ ဦးနှင့် အမျိုးသမီး ၁၈ ဦး စုစုပေါင်း ၂၁၂ ဦးတို့ကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ ဆက်လက်လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# လာအိုနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဖန်ရှန်ဝင်ရောက်တိုက်ခတ်နေမှုကြောင့် ရာသီဥတုဆိုင်ရာ သတိပေးချက်များထုတ်ပြန်ထား



**ဗီယင်ကျန်း အောက်တိုဘာ ၂၂**

လာအိုနိုင်ငံတွင် အပူပိုင်းမုန်တိုင်း ဖန်ရှန်ဝင်ရောက်တိုက်ခတ်နေမှုကြောင့် ရာသီဥတုဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း လာအိုနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနကြီးကြပ်မှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

အပူပိုင်းမုန်တိုင်း ဖန်ရှန်ဝင်ရောက် တိုက်ခတ်နေမှုကြောင့် နိုင်ငံတစ်ဝန်းတွင်မိုးသည်းထန်စွာ ရွာသွန်းကာ မိုးကြိုးမုန်တိုင်းများ၊ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွားနိုင်သည်ဟု လာအိုအာဏာပိုင်များက ဒေသခံပြည်သူများကို သတိပေးထားကြောင်း သိရသည်။

ဖန်ရှန်မုန်တိုင်းသည် ဗီယက်နမ်နိုင်ငံကို ဖြတ်ကျော်ကာ လာအိုနိုင်ငံသို့ ချဉ်းကပ်ဝင် ရောက်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၂၁ ရက်တွင် အပူပိုင်းမုန်တိုင်း ဖန်ရှန်သည် လာအိုနိုင်ငံ၏ တောင်ပိုင်းဒေသများကို ဝင်ရောက်တိုက်ခတ်နေကြောင်း၊ ယနေ့တွင် မုန်တိုင်းသည် လာအိုနိုင်ငံ၏ အနောက်မြောက်ပိုင်းသို့ ရွေ့လျားလာကာ လာအိုအရှေ့ပိုင်းနှင့် ထိုင်းနယ်စပ်ဒေသများတွင်လည်း မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံအာဏာပိုင်များက မြေပြိုခြင်း၊ ရုတ်တရက်ရေကြီးခြင်း အန္တရာယ်များအတွက် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်နှင့် သဘာဝဘေးလုံခြုံရေး ညွှန်ကြားချက်များကို လိုက်နာရန် တိုက်တွန်းထားပြီး ရာသီဥတုဆိုင်ရာ သတိပေးချက်များကိုလည်း လာအိုနိုင်ငံမိုးလေဝသနှင့် ဇလဗေဒဌာနကြီးကြပ်မှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ် ဂရေ့ဖီးမြို့အနီးတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေ

**အော့တဝါ အောက်တိုဘာ ၂၂**

ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ် ဂရေ့ဖီးမြို့အနီးတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း ကွိဘက်ပြည်နယ် မီးသတ်တပ်ဖွဲ့က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



တောမီးသည် မက်ခ်လမ်းအနီးတွင် လောင်ကျွမ်းနေသည့်အတွက် အဆိုပါလမ်းမကြီးကို ယာယီပိတ်ထားကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ဂရေ့ဖီးမြို့မီးသတ်တပ်ဖွဲ့အပြင် ကာဇာဘာဇူအာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကွိဘက်ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များကပါ တောမီးကို ကူညီငြိမ်းသတ်ပေးနေကြောင်း သိရသည်။

"ဂရေ့ဖီးမြို့အနီးမှာ တောမီးပြင်းထန်စွာ လောင်ကျွမ်းနေပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် တောမီးအခြေအနေဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ ဂရေ့ဖီးတောမီးလောင်ကျွမ်းမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက်လဲ ကြိုးစားပေးနေပါတယ်။ ဂရေ့ဖီးမီးသတ်တပ်ဖွဲ့တွေအပြင် ကာဇာဘာဇူအာ မီးသတ်တပ်ဖွဲ့ဝင်တွေလဲ တောမီးကို ကူညီငြိမ်းသတ်ပေးနေပါတယ်။ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်တချို့ကိုလဲ စေလွှတ်ပေးထားပါတယ်။ တောမီး ထိန်းချုပ်နိုင်မှုအခြေအနေပေါ် မူတည်ပြီးတော့ တောမီးအန္တရာယ်အဆင့်ကို သတ်မှတ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု ကွိဘက်ပြည်နယ် တောမီးအန္တရာယ် ကာကွယ်ရေးအဖွဲ့အစည်း (SOPFEU) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဖီဂျီ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးစီမံချက်များကို Climate Investment Funds က ထောက်ခံကြိုဆို

**ဆူဗာ အောက်တိုဘာ ၂၂**

ဖီဂျီနိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုများကို လျှော့ချနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးစီမံချက်များကို အကောင်အထည်ဖော်ရန် ဖီဂျီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ပြင်ဆင်ဆောင်ရွက်လာခြင်းအပေါ် ဖီဂျီ Climate Investment Funds က အပြည့်အဝ ထောက်ခံကြိုဆိုကြောင်း ထုတ်ပြန်သွားခဲ့သည် ဟု အောက်တိုဘာ ၂၁ ရက် သတင်းများအရ သိရသည်။

ဖီဂျီနိုင်ငံသည် ကမ္ဘာမြေကြီးပူနွေးလာမှုကြောင့် ဂေဟစနစ်များပြောင်းလဲမှုများရှိလာနိုင်ပြီး ဂေဟစနစ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ဘတ်ဂျက်လိုအပ်ချက်များရှိနေကြောင်း၊ လာမည့်နိုဝင်ဘာလတွင် ဘရာဇီးနိုင်ငံ၌ ကျင်းပသွားမည့် COP 30 ညီလာခံတွင်လည်း ဖီဂျီနိုင်ငံနှင့် အခြားသော ကျွန်းနိုင်ငံများ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့အစည်းကဦးဆောင်၍ဘဏ္ဍာရေးပံ့ပိုးမှု ပြုလုပ်ပေးရေးအတွက် တောင်းဆိုသွားမည် ဖြစ်ကြောင်း Climate Investment Funds အဖွဲ့က ထုတ်ပြန်ခဲ့သည်။

"သဘာဝပတ်ဝန်းကျင် အပေါ်မှာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းဟာ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းပဲဖြစ်ပါတယ်။ ဖီဂျီနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အပေါ်မှာ အများကြီး မှီခိုနေရတဲ့အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေး လုပ်ငန်းတွေအပေါ်မှာ ပိုပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်သွားရမှာလဲ ဖြစ်ပါတယ်" ဟု Climate Investment Funds မှ အမှုဆောင်ချုပ်ဖြစ်သူ တာရီယီက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံတွင် ဒီပါဝလီပွဲတော်ပြီးနောက် လေထုအရည်အသွေး ကျဆင်းလာ

**ဘန်း အောက်တိုဘာ ၂၂**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီရှိ လေထုအရည်အသွေးသည် ဒီပါဝလီပွဲတော်ပြီးနောက် ကျဆင်းလာကြောင်း ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် IQAir ၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

ဒီပါဝလီပွဲတော်အတွင်း မီးရှူးမီးပန်းများဖြင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ခဲ့ပြီးနောက် အိန္ဒိယနိုင်ငံတစ်ဝန်း မီးခိုးမြူများဖြစ်ပေါ်ကာ လေထုအရည်အသွေး ကျဆင်းလာကြောင်း သိရသည်။

အောက်တိုဘာ ၂၁ ရက်က ရရှိခဲ့သည့်အချက်အလက်များအရ နယူးဒေလီမြို့၏ လေထုအညွှန်းကိန်းသည် ၄၄၂ ထိ ရောက်ရှိနေကြောင်း၊ အဆိုပါ လေထုအညွှန်းကိန်းအရ အိန္ဒိယနိုင်ငံ၏ မြို့တော်နယူးဒေလီသည် ကမ္ဘာ့လေထုအညစ်ညမ်းဆုံးမြို့ဖြစ်ခဲ့ကြောင်း သိရသည်။

နယူးဒေလီမြို့၏ လေထုအညွှန်းကိန်း ၄၄၂ အရ မြို့တော်၏ လေထုထဲတွင် PM 2.5နှင့် PM 10 ကဲ့သို့ အမှုန်အမွှားများစွာပျံ့လွင့်နေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုထားသော ရှိသင့်သည့် လေထု အညွှန်းကိန်းထက် အဆများစွာများပြားနေကြောင်း၊ PM 2.5 အမှုန်များသည် အလွန်သေးငယ်သဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဆုတ်၊ သွေးကြော၊ နှလုံးတို့ဆီကို တိုက်ရိုက်ဝင်ရောက်နိုင်သဖြင့် နှလုံးနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ဖြစ်စေနိုင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ဗဟိုညစ်ညမ်းမှုထိန်းချုပ်ရေးဘုတ်အဖွဲ့ (CPCB) မှ မြို့တော်၏ လေထုအရည်အသွေးကို အမြန်ဆုံးကောင်းမွန်စေရေးစီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ဆောင်းရာသီအအေးဓာတ်ကြောင့် မီးခိုးမြူများသည် လေထုအတွင်း ပျံ့နှံ့ ခိုအောင်းနေသည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ဖုန်မှုန့်များ၊ လယ်ယာလုပ်ငန်းများမှ ထွက်လာသည့် မီးခိုးမြူများကြောင့် မြို့တော်အတွင်းနေထိုင်သူပြည်သူများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ မဖြစ်စေရန် ရှန်းကန်နေကြရကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ကူဝိတ်နိုင်ငံက တူကီယဲ ကူဇူကုမ္ပဏီနှင့် ရေဆိုးရေညစ်သန့်စင်ရေးစီမံချက်အတွက် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့

**ကူဝိတ် အောက်တိုဘာ ၂၂**

ကူဝိတ်နိုင်ငံသည် ရေထုအရင်းအမြစ် လုံလောက်ရေးအတွက် ရေဆိုးရေညစ်များကို ပြန်လည်သန့်စင်သွားမည်ဖြစ်ပြီး ၎င်းစီမံချက်အတွက် တူကီယဲအခြေစိုက် ကုမ္ပဏီဖြစ်သည့် ကူဇူကုမ္ပဏီနှင့် အောက်တိုဘာလ ၂၁ ရက်တွင် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တူကီယဲသမ္မတအာဒိုဂန်သည် ကူဝိတ်နိုင်ငံသို့ သွားရောက်လည်ပတ်ကာ ကာကွယ်ရေး၊ စွမ်းအင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အတွက် ဆွေးနွေးမှုပြုလုပ်ခဲ့ပြီးနောက်ပိုင်း ရေဆိုးရေညစ်သန့်စင်ရေး စီမံချက်အတွက် ကူဇူကုမ္ပဏီဖြင့် ပူးပေါင်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ ရေဆိုးရေညစ်သန့်စင်ရေးစီမံချက်အရ တစ်ရက်လျှင် ကုဗမီတာ ၄၀၀၀၀၀ ထိ သန့်စင်သွားနိုင်ရေး ရည်ရွယ်ထားပြီး သန့်စင်လာသည့် ရေများကို စိုက်ပျိုးရေး ကဏ္ဍနှင့် အခြားသော ကဏ္ဍများတွင် အသုံးပြုသွားမည် ဖြစ်ကြောင်း သိရသည်။

"ရေဆိုးရေညစ်တွေကို စိုက်ပျိုးရေးကဏ္ဍနဲ့ အခြားသောကဏ္ဍတွေမှာ အသုံးပြုနိုင်ဖို့အတွက် ပြန်လည် သန့်စင်ရေးလုပ်ငန်းကို စီမံချက်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီစီမံချက်အတွက် တူကီယဲနိုင်ငံအခြေစိုက် ကူဇူကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်သွားရေး အတွက်လဲ စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါတယ်။ ဒါ့ပြင် လူနေအိမ်ခြေပေါင်း ၂၈၀၀၀ ကိုလဲ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်တော့မှာ ဖြစ်ပါတယ်။ တကယ်ကို အကျိုးရှိတဲ့ စီမံချက် ဖြစ်လာပါလိမ့်မယ်" ဟု ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အရင်းအမြစ် ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကလျာ

# မေတ္တာခြံ၍ နွေးပါသည်

## ချစ်သက်(မြန်မာစာ)



(၁)

"ဟူး... အား"

နေအောင်သည် စပါးခင်းကို ဖြတ်ကျော်၍ တိုက်ခတ်လာသောလေကို တဝရှူရှိုက်လိုက်၏။ လက်နှစ်ဖက်ကို ကောင်းကင်ထက်သို့ ဆန့်ထုတ်လိုက်သည်။ ခန္ဓာကိုယ်တစ်ခုလုံး လေပေါ်သို့မြောက်သည့်ပမာ ခံစားလိုက်ရသည်။ ထို့နောက် လေကို တဝရှူရှိုက်ပြန်၏။

"အား ကောင်းလိုက်တာကွာ။ ကျေးဇူးပဲ လေနတ်သားလေးရယ်"

နေအောင်သည် စပါးပင်များကို လက်ဖြင့် ပွတ်သပ်လိုက်သည်။

"ကျေးဇူးပါ စပါးပင်တို့ရယ်။ နင်တို့ရဲ့ ကျေးဇူးကြောင့် ငါ့ဘဝကြီးပြည့်စုံနေတာ။ ကဲ... ငါ့လုပ်ငန်း စတော့မယ်ဟေ့"

နေအောင်သည် ညက ထောင်ထားသော မြှုံးများကို ဖော်လိုက်၏။ ထို့နောက် မြှုံးထဲက ငါးများကို အသင့်ပါလာသောပလိုင်းထဲသို့ သွန်ထည့်လိုက်သည်။ ညငါးဟုခေါ်သော ပုစွန်၊ ငါးစင်ရိုင်း၊ ငါးခူတို့သည် ပလိုင်းထဲဝယ် တဖျပ်ဖျပ်ခုန်နေသည်။ နေအောင်သည် ငါးများကိုကြည့်၍ ပြုံးနေလိုက်သည်။ ညကထောင်ထားသော မြှုံးများစုံပြီမို့ အိမ်သို့ပြန်ရန် ရွာဆီသို့ ဦးတည်လိုက်သည်။ အရှေ့အရပ်မှ နေမင်းကြီးသည်လည်း မိမိတာဝန်ကို ထမ်းဆောင်ရန် လောကကြီးဆီသို့ ရောင်ခြည်တန်းများပို့လွှတ်နေ၏။ စပါးခင်းများမှ စပါးနံ့များသည်လည်း လေယူရာသို့ ယိမ်းလျက်။ အချို့သောစပါးနံ့များမှ အဖြူရောင် ဝတ်ဆံတို့သည် လေနတ်သားနှင့်အတူ ဟန်ချက်ညီညီ ကခုန်ပျော်မြူးနေ၏။

(၂)

နေအောင်တို့အိမ်၌ ငါးဝယ်ရန်ရောက်နေသော လူများဖြင့် စည်ကားနေ၏။

"နေအောင်ပြန်လာပြီ။ ငါးများများ ရပါစေတော်"

ဇနီးဖြစ်သူ၏ပြောသံနှင့်အတူ ငါးဝယ်မည့်သူများ လှုပ်လှုပ်ရွရွဖြစ်လာသည်။ နေအောင်သည် ပလိုင်းထဲကငါးများကို ကော်ပုံးထဲသို့ သွန်ချလိုက်သည်။ ကော်ပုံးထဲသို့ ငါးများသွန်ချလိုက်သည်နှင့် ငါးဝယ်မည့်သူများက အလုအယက် ငါးများကိုရွေးကြသည်။ နေအောင်သည် ရေမချိုးတော့ဘဲ ကိုယ်လက်ခြေထောက်တို့ကို ရေဖြင့် ဆေးလိုက်၏။ ထို့နောက် အိမ်ပေါ်သို့ တက်လိုက်သည်။

"အစ်ကို ညီမပြောထားတဲ့ငါးတွေကို ဖယ်ထားသေးလား"

နေအောင်သည် အထုပ်တစ်ထုပ်ကို ဇနီးဖြစ်သူကို ပေးလိုက်၏။

"အဲဒီထဲမှာ ငါးခူအဖြူတစ်ကောင်ပါတယ်။ အစ်ကိုတို့စားဖို့ အချိုချက်လေးချက်လိုက်နော်။ ငါးကတော့ ငါးပိသာကျော်မယ်ထင်တယ်။ ကြည့်ရောင်း ညီမရေ"

နေအောင်သည် ဇနီးဖြစ်သူကို စကားပြောလိုက်၊ ရေနွေးကြမ်းသောက်လိုက်ဖြင့် ဇိမ်ယူနေ၏။

"စိတ်ချပါ။ ခုငါးကလဲ ငွေလက်ငင်းပေးတဲ့သူကို ရောင်းဖို့လေ။ အခြားသူမဟုတ်ဘူး မိဆွေဖို့လေ။ သူတို့လဲ တိုးမောင် နိုင်ငံခြားသွားကတည်းက အဆင်ပြေလာတယ်။ မနေ့ကတောင် ရွှေသွားလုပ်တယ်ကြားတယ်။ ဩော်... ဘဝတူတွေတောင် ရွှေတွဲလဲငွေတွဲလဲဖြစ်နေကြပြီ။ ညီမတို့တော့ ဘယ်အချိန်မှ အဲဒီဘဝရောက်မယ်မသိဘူး။ ဘဝတွေ ဘဝတွေ"

နေအောင်သည် ဇနီးဖြစ်သူ၏ဆံနွယ်ကို လက်ဖြင့်ပွတ်သပ်ပြီး ဖြေသိမ့်ပေးလိုက်၏။

"အစ်ကိုကတော့ ကိုယ့်ဇနီးကိုထားခဲ့ပြီး တိုင်းတစ်ပါးကိုမသွားချင်ပေါင်။ အတူနေချင်လို့ ယူထားတာ။ ဟောဟိုမှာကြည့်တွေ့လား လယ်တွေ"

နေအောင်သည် လယ်ပြင်ကို လက်ညှိုးထိုးကာ ပြလိုက်၏။

"အစ်ကိုတို့ တိုင်းပြည်မှာ ဒီတောတောင်၊ လယ်တွေရှိနေသရွေ့ အစ်ကိုတို့ ထမင်းမငတ်ဘူး။ မချမ်းသာရင်တောင် မဆင်းရဲအောင် အစ်ကိုထားနိုင်ပါတယ်။ ကဲ...အစ်ကို လယ်ထဲသွားအုံးမယ်"

စပါးခင်းကိုဖြတ်၍တိုက်ခတ်လာသော လေသည် နေအောင်၏ သွေးကြောအနှံ့လှည့်ပတ်ပြီး နှလုံးသား၏နရီစည်းချက်နှင့်အညီ ကခုန်မြူးထူးနေတော့သည်။

(၃)

"ရွှေစင်ရေ ငါးခူက ဘယ်ဈေးလဲ"

မိဆွေသည် ငါးခူများကိုကိုင်ရင်း ဘယ်လက်ကို မြှောက်လိုက်၏။ ဘယ်လက်တွင် ဝတ်ထားသော လက်ကောက်နှစ်ကွင်းက ရွှေစင့်ကို လှောင်နေသယောင်။

"ရွှေစင်ရေ ငါတို့ရွှေလုပ်ခါမှ ရွှေဈေးကတက်နေတယ်။ တော်သေး အိမ်ကအမျိုးသားကို ထိုင်းလွှတ်မိလို့။ ဒီခေတ်အတိုင်း အိမ်ကလူသာ အရင်ကလို ငါးရှာ၊ ဖားရှာဆိုရင် ခုခေတ်ဈေးဖိုးနဲ့ မတွေးဝံ့စရာ"

"ကိုတိုးမောင်ကော ဟိုမှာအဆင်ပြေရဲ့လား။ အိမ်က ဘုရားဖြစ်မဲ့အုတ်နီခဲကတော့ ဒီကနေ ဘယ်မှကို မသွားနိုင်ဘူးတဲ့။ ဒီတောတောင်လယ်ယာကိုပဲ ခင်သတဲ့တော်"

"တိုးမောင်ကတော့ ထိုင်းမှာ အဆင်ပြေပါတယ်။ ဒီမှာနေလဲသိတဲ့အတိုင်း ဖားရှာ၊ ငါးရှာပဲ။ ဟိုမှာက တော့ ကြုံရာအလုပ်လုပ်တော့ အဆင်ပြေပါတယ်။ လကုန်တော့ ဒီချစ်ဇနီးဆီ ပိုက်ဆံပို့ပေါ့။ ရွှေစင်ရေ စွန့်မှစားရတာ။ မစွန့်ဘဲ မစားရဘူးပေါ့။ ကိုနေအောင် ထိုင်းသွားချင်ရင်ပြော။ တိုးမောင်ကို ပြောပေးမယ်"

ရွှေစင်သည် မိဆွေ၏ပြောစကားများကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေ၏။

"ငါလဲ အစ်ကိုနေအောင်ကို ထိုင်းသွားဖို့ အမျိုးမျိုးပြောတယ်။ သိတဲ့အတိုင်း ဒီချစ်ဇနီးနဲ့ မခွဲနိုင်ဘူးတဲ့လေ"

ရွှေစင်သည် စကားအဖြစ်သာ မိမိကို နေအောင် မခွဲနိုင်၍ ထိုင်းကိုမသွားနိုင်ကြောင်း ပြောသော်လည်း မိမိ၏ဆန္ဒအရ နေအောင်ကို ထိုင်းကိုသွား၍ အလုပ်လုပ် ပိုက်ဆံစုစေချင်သည်။

(၄)

"အစ်ကို ငါးရှာ၊ ဖားရှာလုပ်နေမဲ့အစား ထိုင်းကို သုံး၊ လေးနှစ်လောက် သွားပါလားတော်။ ကိုတိုးမောင်ကလဲ အစ်ကို့ကို လာခဲ့ပါတဲ့။ ဟိုမှာ အလုပ်အဆင်သင့်ရှိတယ်တဲ့"

ဆိုင်းမဆင့်ဗုံမဆင့်စကားကို ဇနီးဖြစ်သူ ရွှေစင်၏နှုတ်က နေအောင် ကြားလိုက်သည်။ ထို့နောက် ဆေးပြင်းလိပ်ကို တစ်ရှိုက်ဖွာလျက် ရေနွေးကြမ်းကို တစ်ကျိုက်သောက်လိုက်သည်။

"ညီမ သေချာနားထောင်။ အစ်ကို ညီမကိုပြောပေါင်းလဲ မနည်းတော့ဘူး။ အစ်ကို ကိုယ့်ပြည်ကိုယ့်ရွာ ကိုယ့်ဇနီးအနားမှာပဲ နေချင်တယ်။ အခု ဖားရှာ၊ ငါးရှာရတဲ့ငွေနဲ့ ညီမ မလောက်လို့လား။ အစ်ကို ညီမအနားမှာရှိတာ မကြိုက်တော့လို့လား။ မနွေးထွေးတော့လို့လား"

နေအောင်၏ ပြောစကားကြောင့် ရွှေစင်၏ မျက်ဝန်းမှ မျက်ရည်တို့စီးကျလာသည်။ ရွှေစင်သည် စကားပြောရန် အားယူလိုက်၏။

"အဲဒီလိုလဲမဟုတ်ပါဘူး အစ်ကိုရယ်။ ညီမလဲ မိဆွေတို့လို ရွှေရှိငွေရှိနေချင်လို့ပါ။ အစ်ကိုမကြိုက်ရင်နောက် ထိုင်းကိုသွားဖို့ မပြောတော့ပါဘူး။ အစ်ကို ညီမအနားမှာရှိရင် အရာအားလုံးပြည့်စုံပါပြီ။ အစ်ကို့ရင်ခွင်ဟာ ညီမအတွက် နွေးပါတယ်။ လုံခြုံပါတယ်"

နေအောင်သည် ရွှေစင့်ကို ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။ ရွှေစင်၏ ကျလာသောမျက်ရည်စတို့ကို နေအောင် သုတ်ပေးလိုက်သည်။ နေအောင်၏ ဦးနှောက်ထဲဝယ် အတွေးပေါင်းမြောက်မြားစွာ တိုးဝင်လျက်။

"ဩော်... ငွေ ငွေ ငွေ ငါတို့ရဲ့ချစ်ခြင်းကို ခွဲချင်နေတယ်ပေါ့"

(၅)

"နေအောင်ရေ သူငယ်ချင်း။ ငါ ထိုင်းကိုအလုပ်သွားလုပ်တော့မယ်ကွာ။ ထိုင်းကိုသွားဖို့လဲ အားလုံးအဆင်သင့်ပဲ"

သူငယ်ချင်းဖြစ်သူ တိုးမောင်၏ စကားကြောင့် နေအောင် ဘယ်စကားကို ပြောရမယ်မှန်းမသိ ဆွံ့အ သွားသည်။

"ငါတို့မှာ ကိုယ်ပိုင်လယ်မရှိ။ ဖားရှာ၊ ငါးရှာအလုပ်နဲ့လဲ ငါ့ဘဝကို မနှစ်မြို့ချင်ဘူးကွာ။ နည်းနည်းစွန့်စားကြည့်ချင်တယ်။ လေး၊ ငါးနှစ်ပေါ့။ တစ်ရွာမပြောင်း သူကောင်းမဖြစ်တဲ့စကားပုံလဲ အရှိသား။ ငါချမ်းသာချင်တယ်ကွာ။ ငါအဆင်ပြေရင် မင်းကို ခေါ်လိုက်မယ်ကွာ။ မင်းလိုက်ခဲ့"

နေအောင်သည် ပလိုင်းထဲက ငါးများကို ကြည့်ရင်း-

"ငါကတော့ မင်းကို မသွားစေချင်ဘူးကွာ။ ငါတို့နှစ်ယောက်က ဟိုးငယ်ငယ်ကလေးကတည်းက ဒီလယ်ကွင်းမှာ ငါးရှာ၊ ဖားရှာနဲ့ ကြီးပြင်းခဲ့တာ။ အိမ်ထောင်ကျတော့ကော ဒီအလုပ်နဲ့ပဲ ဘဝဝမ်းရေးကို ဖြေရှင်းခဲ့တာမဟုတ်လား တိုးမောင်ရာ။ မင်းက ငါ့ကို ထားခဲ့တော့မယ်ပေါ့။ ချမ်းသာဖို့အတွက်နဲ့ မင်းကို ငါမသွားစေချင်ဘူး တိုးမောင်။ မင်းဇနီးကိုကော ခွဲနိုင်လို့လား"

တိုးမောင်၏ နှုတ်ဖျားက ပြတ်သားသောအဖြေမှာ တိကျစွာထွက်ပေါ်လာ၏။

❖ **"အစ်ကို့ကိုလေ ဘယ်တိုင်းခြားမပြောနဲ့ ညီမအနားက တစ်ဖဝါးမှ မခွာခိုင်းတော့ဘူးသိလား။ လောကမှာ ပိုက်ဆံထက် ကိုယ့်ကို မြတ်နိုးတန်ဖိုးထားချစ်တဲ့သူက ပိုပြီးတန်ဖိုးရှိကြောင်း ညီမ ကောင်းကောင်းသိလိုက်ပါပြီ။ အစ်ကို့ရင်ခွင်ရဲ့ နွေးထွေးလုံခြုံမှုကိုလဲ ညီမ ကောင်းကောင်းသိလိုက်ပါပြီ။ အစ်ကိုတစ်သက်လုံး ညီမအနားမှာပဲ နေရမယ်နော်" "ဖြေစရာမလိုတဲ့မေးခွန်းပါ ညီမ။ ညီမကိုလဲ ချစ်တယ်။ ကိုယ့်တိုင်းပြည်ရဲ့ တောတောင်လယ်ယာကိုလဲ အစ်ကို သိပ်ချစ်တယ်"** ❖

စာမျက်နှာ ၂၅ သို့ á

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၂၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နှမ်း ၂၄၇၂၇ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရေဘဝဲပိသဿချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ရေဘဝဲပိသဿချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ရေဘဝဲပိသဿချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ရေဘဝဲပိသဿချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ရေဘဝဲပိသဿချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစား၊ အလေးချိန်ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ရေဘဝဲတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ ရောင်းချနေပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၈၅၀၀၀၊ ရေဘဝဲလက်တို တစ်ကီလိုလျှင် ငွေကျပ် ၂၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á စာမျက်နှာ ၂၄ မှအဆက်

"ဟား မင်းစကားကလဲ ကလေးကလား ခွဲနိုင်တာပေါ့ကွ ပိုက်ဆံအတွက်ပဲ။ ငါပိုက်ဆံပို့ သူအဆင်ပြေပြီးရော။ ပိုက်ဆံက အဓိကကွ။ ပိုက်ဆံ ပိုက်ဆံ"

နေအောင်သည် အတိတ်ကအတွေးစကိုပြန်ရုပ်သိမ်းလိုက်ပြီး ငါးရှာရန် မှိန်းကိုကိုင်ကာ လယ်ထဲသွားရန် ဟန်ပြင်လိုက်သည်။ ပါးစပ်ကလည်း ရေရွတ်လျက်။

"ဩော်... သိပ်စကားပြောတဲ့ ပိုက်ဆံပါလား။ သူငယ်ချင်းတိုးမောင်နဲ့ ငါ့ကိုခွဲတာလဲ ဒီပိုက်ဆံ။ ငါ့ဇနီးနဲ့ငါ့ကိုကော မင်းခွဲအုံးမလား။ ကြည့်ကြသေးတာပေါ့ကွာ"

(၆)

နေအောင်သည် အရင်ကထက် အလုပ်ကို ပို၍ကြိုးစားသည်။ နံနက်၊ ည မိမိကျွမ်းကျင်သော ငါးရှာ၊ ဖားရှာအလုပ်ကို လုပ်ကိုင်သည်။ ရလာသောငါးများကို ဇနီးဖြစ်သူရွှေစင် မထိမတို့ရဘဲ သူကိုယ်တိုင်ရောင်းသည်။ နေ့လယ်နေ့ခင်းအချိန်၌ သူချစ်သောလယ်ကွင်း၌ ပေါင်းနုတ်၊ စပါးဆေးဖျန်း၍ ပိုက်ဆံရှာသည်။ ရလာသောပိုက်ဆံကို ဇနီးဖြစ်သူထံ အကုန်အပ်လေသည်။ ဇနီးအပေါ်ချစ်တတ်သော နေအောင်၏မေတ္တာတရားတို့မှာ ပို၍သိသာလာပေသည်။

"အစ်ကို"

"ပြောလေ ညီမ"

"အစ်ကို ညီမကို ခဏလေးတောင် ခွဲမနေနိုင်ဘူးလား"

နေအောင်သည် ဇနီးဖြစ်သူ၏ပြောစကားကြောင့် အနည်းငယ်တွေဝေသွား၏။ ထို့နောက်-

"ခဏလေးမပြောနဲ့။ အခုအချိန် နိဗ္ဗာန်ကိုရောက်မယ်ဆိုရင်တောင် ညီမ မပါတဲ့နိဗ္ဗာန်ကို လှည့်ကြည့်ဖြစ်မှာမဟုတ်ဘူး။ ယုံထား ညီမ"

နေအောင်၏ တိကျပြတ်သားသောအဖြေကြောင့် ရွှေစင်၏မျက်ဝန်းမှ မျက်ရည်တို့ အလိုလိုစီးကျလာတော့သည်။ ထို့နောက် ရွှေစင်သည် နေအောင်၏ လက်ကို ကိုင်လိုက်ပြီး-

"အစ်ကို့ကိုလေ ဘယ်တိုင်းခြားမပြောနဲ့ ညီမအနားက တစ်ဖဝါးမှ မခွာခိုင်းတော့ဘူးသိလား။ လောကမှာ ပိုက်ဆံထက် ကိုယ့်ကိုမြတ်နိုးတန်ဖိုးထားချစ်တဲ့သူက ပိုပြီးတန်ဖိုးရှိကြောင်း ညီမကောင်းကောင်းသိလိုက်ပါပြီ။ အစ်ကို့ရင်ခွင်ရဲ့နွေးထွေးလုံခြုံမှုကိုလဲ ညီမကောင်းကောင်းသိလိုက်ပါပြီ။ အစ်ကိုတစ်သက်လုံး ညီမအနားမှာပဲ နေရမယ်နော်"

"ဖြေစရာမလိုတဲ့မေးခွန်းပါ ညီမ။ ညီမကိုလဲချစ်တယ်။ ကိုယ့်တိုင်းပြည်ရဲ့ တောတောင်လယ်ယာကိုလဲ အစ်ကိုသိပ်ချစ်တယ်"

နေအောင်တို့ဇနီးမောင်နှံသည် လယ်ပြင်က ဖြတ်တိုက်လာသောလေပြည်ကို တဝရှူရှိုက်ပြီး တစ်ဦးမျက်နှာတစ်ဦးကြည့်လျက် အပြုံးများဖလှယ်နေတော့သည်။ ထိုအချိန်တွင် ရွာသားတစ်ဦးက-

"နေအောင်ရေ နေအောင် မင်းသူငယ်ချင်းတိုးမောင် ထိုင်းမှာ နောက်အိမ်ထောင်ပြုသွားပြီကွ။ တစ်ရွာလုံး တိုးမောင်သတင်း ပျံ့နေတာပဲကွာ"

ထိုသတင်းကိုကြားသိရသော နေအောင်၏ဇနီးဖြစ်သူ ရွှေစင်သည် ခင်ပွန်းဖြစ်သူ နေအောင့်အပေါ် လုံခြုံနွေးထွေးမှုပေးမည်ဟု ပိုမိုယုံကြည်လာပါတော့သည်။

## အနာဂတ်လမ်းသို့

- အဆုံးဖြတ် သုံးသပ်ရန်
  မှန်မှန်ကန်ကန် ဉာဏ်ရည်ဖွေး၊
  လုပ်သမျှတွေ ကောင်းအတွက်မို့
  နှစ်ဖက်မျှတွေး။

- ကြိုးစားကာ အားထုတ်မွေးစေဖို့
  ရောက်မယ်မနေး ပန်းတိုင်ကို
  လူတိုင်းလိုလို၊
  ဖွဲ့သတ္တိ ပြိုင်ကဲပို
  ရောင်နီကြို အမှောင်ခွင်း၊
  စေတနာတွေ အစဉ်စစ်နဲ့
  ထုဆစ်စေမင်း။

- ရင်တွင်းတည် နှလုံးသွင်းပေါ့
  အချစ်ချင်း ပေါင်းစုပြီ၊
  ဘိုးဘွားအမွေ ရတနာများတို့
  ထိန်းထားကိုယ်စီ၊
  ချစ်မြတ်နိုးလို့ စည်းလုံးညီ
  ကမ္ဘည်းထိုးသီ ထူးမြတ်၊
  ဆောင်းသရဖူ အောင်ပန်းလှလို့
  တောက်ပအနာဂတ်။ ။

ရင်ခတ်ပန်း(စွယ်တော်)

# သာစည်မြို့နယ် ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ၄က်ကြီးသိုက် ကျေးရွာအုပ်စု ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျားပစ်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျားပစ်ကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၄၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၄ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ရန်ပုံငွေကျပ် ၅၁ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

ကိုအောင်(ထုတ်လုပ်)

ကုန်ထုတ်လုပ်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသော ကဏ္ဍတစ်ခုဖြစ်သည်။ ကုန်ထုတ်လုပ်မှုဆိုသည်မှာ ကုန်ကြမ်းပစ္စည်းများကို လုပ်အားနှင့် စက်ပစ္စည်းများသုံး၍ အသုံးဝင်သော ကုန်ချောများအဖြစ် ပြောင်းလဲခြင်းဖြစ်သည်။ ကုန်ထုတ်လုပ်မှုသည် နိုင်ငံ၏စီးပွားရေးကျောရိုးသဖွယ်ဖြစ်ပြီး ခေတ်မီ ဖွံ့ဖြိုးသောနိုင်ငံအများစုသည် ခိုင်မာသော ကုန်ထုတ်လုပ်မှုကဏ္ဍရှိကြသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်သည်။

ကုန်ထုတ်လုပ်မှုကဏ္ဍသည် ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) ကို တိုက်ရိုက်မြှင့်တင်ပေးသည်။ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များ ပြုပြင်ခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်း စသည့်ကဏ္ဍများသည် စီးပွားရေးကို ကြီးထွားစေသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် လူအင်အားကို အများအပြားလိုအပ်ပြီး ကျေးလက်နှင့် မြို့ပြဒေသများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးကာ ဝင်ငွေမြင့်မားစေသည်။ ဤသို့ဖြင့် ပြည်သူများ၏ ဝယ်လိုအားတိုးတက်စေပြီး ဈေးကွက်ကြီးထွားလာစေသည်။ ထို့ပြင် သုတေသနနှင့် ဖွံ့ဖြိုးရေးကို မြှင့်တင်ကာ စက်ရုံများတွင် စက်ကိရိယာများ၊ အလိုအလျောက်စနစ်များ (Automation) နှင့် ဉာဏ်ရည်တုနည်းပညာ (AI) တို့ကို အသုံးပြုခြင်းဖြင့် ထုတ်လုပ်မှုစွမ်းဆောင်ရည် မြင့်တက်စေသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍ ခိုင်မာသောနိုင်ငံများသည် ပြည်ပသို့ ကုန်ပစ္စည်းများတင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေများ ရရှိစေသည်။ ဤသို့ဖြင့် နိုင်ငံ၏ ငွေကြေးဖလှယ်နှုန်း တည်ငြိမ်စေကာ အခြားနိုင်ငံများက စက်ပစ္စည်းများ၊ ကုန်ကြမ်းများ ဝယ်ယူနိုင်စွမ်း မြင့်မားလာစေသည်။

ထို့ကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ကြီးထွားလာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေး၊ အာမခံ၊ ဘဏ်လုပ်ငန်း၊ ကုန်သွယ်ရေး စသည့်ဝန်ဆောင်မှုကဏ္ဍများလည်း ဖွံ့ဖြိုးလာသည်။ ထို့ပြင် ကုန်ကြမ်းနှင့် အကူပစ္စည်းများ ပံ့ပိုးပေးသော လုပ်ငန်းငယ်များလည်း အရှိန်အဟုန်ဖြင့် ပေါ်ထွန်းနိုင်သည်။ ကုန်ထုတ်လုပ်မှုကဏ္ဍ ခိုင်မာသောနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးကျပ်တည်းမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသည်။ မိမိနိုင်ငံတွင် အခြေခံလိုအပ်ချက်ပစ္စည်းများ (ဥပမာ- အစားအစာ၊ ဆေးဝါး၊ စွမ်းအင်) ထုတ်လုပ်နိုင်လျှင် ပြည်ပအကူအညီများအပေါ် မှီခိုမှုလျော့နည်းကာ နိုင်ငံတော်အနေဖြင့် ပိုမိုလွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။

**နိုင်ငံတော်တိုးတက်ခြင်းနှင့် ကုန်ထုတ်လုပ်မှု**

ကုန်ထုတ်လုပ်မှု တိုးတက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါသည်။ မြန်မာနိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြသည်။ အဆိုပါလူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေး တိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမှုကို တစ်ပါတည်းလျှော့ချနိုင်မည်ဖြစ်သည်။

**❖ ကုန်ထုတ်လုပ်မှုတိုးတက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေး တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအရေးပါသည်။ မြန်မာနိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင် နေထိုင်ကြသည်။ အဆိုပါလူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်သည်။ ❖**

မြန်မာနိုင်ငံသည် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အရင်းအမြစ်ကောင်းများကို ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် လူဦးရေထူထပ်သော နိုင်ငံများဖြစ်ကြသည်။ အဆိုပါနိုင်ငံများသို့ ကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့ပါက နိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ကုန်ထုတ်လုပ်ငန်းများ အောင်မြင်စေရေးအတွက် လိုအပ်သည့် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများကို အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အရည်အသွေးမြှင့်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက် ဖော်ဆောင်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသည် ပြည်သူလူထုတစ်ရပ်လုံး၏ စားရေရိက္ခာဖူလုံရေးအတွက် စပါးစိုက်ပျိုးမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ပဲမျိုးစုံစိုက်ပျိုးမှု၊ အသားငါးထုတ်လုပ်မှုများကို နှစ်အလိုက် တိုးတက်မှုရရှိအောင်ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်၏ စီးပွားရေးအခြေအနေသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ရငွေကျပ် ၁၇၅၈၅ ဒသမ ၅၅ ဘီလီယံရှိရာမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ရငွေကျပ် ၃၄၅၅၃ ဒသမ ၅၀ ဘီလီယံထိ တိုးတက်ရရှိခဲ့သည်။

**ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ခြင်းဖြစ်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် တွေ့ဆုံအမှာစကား ပြောကြားရာ၌ စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်ရည်မှန်းချက်များပြည့်မီမှု မရှိသေးကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ စိုက်ပျိုးမြေများကောင်းမွန်စေရေး လိုအပ်သည့် မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ စိုက်ပျိုးရေကိုအကျိုးရှိစွာဖြင့် အသုံးချရန်နှင့် နည်းစနစ်တကျစိုက်ပျိုးရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများ ကိုယ်တိုင်ကလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ခိုင်မာမှု၊ လူမှုရေး တည်ငြိမ်မှုနှင့် နိုင်ငံတကာတွင် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်မှုသည် ခိုင်မာသော ကုန်ထုတ်လုပ်မှုကဏ္ဍပေါ်တွင် များစွာမူတည်နေသည်။ ကုန်ထုတ်လုပ်မှုသည် စက်မှုလယ်ယာ၏ အဓိကဖြစ်၍ ၎င်းသည် အလုပ်အကိုင်၊ နည်းပညာ၊ ဆန်းသစ်မှုနှင့် နိုင်ငံခြားဝင်ငွေတို့ကို ရရှိအောင်ဖန်တီးပေးသော "စီးပွားရေး ကြီးထွားမှု၏အင်ဂျင်"သဖွယ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် စီမံချက်ရေးဆွဲခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့ကို စနစ်တကျဆောင်ရွက်ရန်လိုအပ်သည်။ ကျွန်ုပ်တို့အားလုံး၏ ပူးပေါင်းကြိုးပမ်းမှုဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို အားပေးမြှင့်တင်လိုက်ပါက စီးပွားရေးဖွံ့ဖြိုးပြီး ပြည်သူများအတွက် သာယာဝပြောသော ခေတ်မီဖွံ့ဖြိုးသည့်နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်မည်မှာ မလွဲမသေမုချပင်ဖြစ်သည်။

ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုကို စတင်ရန်မှာ နိုင်ငံတော်အစိုးရ၏ မူဝါဒချမှတ်မှုတစ်ခုတည်းဖြင့် မပြီးဘဲ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးလယ်သမားများနှင့် လူငယ်လုပ်ကိုင်သူများအားလုံးက ပူးပေါင်းပါဝင်ရန် လိုအပ်သည်။ ထို့ကြောင့် ပြည်တွင်းထုတ်ကုန်များကို ထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန် ရည်မှန်းပြီး ကြိုးပမ်းခြင်း စသည်တို့တွင် နိုင်ငံသားတိုင်းက ၎င်းတို့၏ ကျရာအခန်းကဏ္ဍမှနေ၍ တက်ကြွစွာပါဝင်ဆောင်ရွက်ပြီး စီးပွားရေးအခြေခံခိုင်မာသော၊ စားရေရိက္ခာဖူလုံသော၊ ပြည်သူများအတွက်သာယာဝပြောသော နိုင်ငံတော်သစ်တစ်ခုကို တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ကြေးမုံသတင်းစာ(၁၇-၁၀-၂၀၂၅)
- မြဝတီသတင်းစာ(၁၀-၈-၂၀၂၅)

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

ဗုဒ္ဓံ ဓမ္မံ သံဃံ

35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

"ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။"

ဆိုင် (၁) ၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂) ၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃) ၆၂ လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

# အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off) ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များ ရေးမှတ်ရာတွင်ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်၊
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print) ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန် ပျက်ကွက်ပါက ပျက်ကွက်သူ၏ တာဝန်သာ ဖြစ်စေရမည်။
- မဲရလဒ်စာရင်းများ ဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တို့ အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာ ပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"

"လွှတ်လပ်မျှတ၊ မဲပေးကြ"

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၄၇၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၀၄၇၈ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၆၀၀၊ ကနီမြို့နယ်တွင် ဧက ၁၁၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၆၇၀၀၊ ပုလဲမြို့နယ်တွင် ၃၀၆၈ ဧက စုစုပေါင်း ၁၀၄၇၈ ဧက တို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မတ်ပဲ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်းဆောင်ရွက်သွားပါမယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မတ်ပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် မတ်ပဲ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးအနု ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလ တစ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့မှု ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအား ကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို စက်တင်ဘာလထဲမှာ ကွမ်းသီးအနုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဘက်ကို အများအပြား တင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးအနု တစ်ပိဿာကိုငွေကျပ် ၁၃၅၀၀ ထိ ဈေးပေါက်နေပါတယ်။ လက်ရှိ ကွမ်းသီးအနုတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်တောင်သူတွေ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းကပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများထိသွားရောက်ဝယ်ယူကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့် ဈေးကွက်နှစ်မျိုးသာရှိပြီး ယခုအခါ ရင့်မှည့်ချိန်ထိ စောင့်ရောင်းရန်မလိုဘဲ ကွမ်းသီးအနုသီးများ အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်စန်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ရေငုပ်သင်္ဘော ကယ်ဆယ်ရေးဆိုင်ရာနည်းပညာတိုးတက်ရန် ကြိုးပမ်းနေသော အရှေ့တောင်အာရှနိုင်ငံများ

မလေးရှားနှင့်စင်ကာပူတို့သည် နှစ်နိုင်ငံစလုံး၏ အရေးပေါ်အခြေအနေတွင် ရေငုပ်သင်္ဘောများ လွတ်မြောက်ရေးနှင့် ကယ်ဆယ်ရေး(SMER) စွမ်းဆောင်ရည်များ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ယခုနှစ် ဩဂုတ်လတွင် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့သည်။ စင်ကာပူရေတပ် (RSN) ဦးစီးချုပ် ရေတပ်ဗိုလ်ချုပ်စီယန်ဝတ်နှင့် မလေးရှားတော်ဝင်ရေတပ် (RMN) ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇူဟဲလ်မီအစ်သာနီယန်တို့သည် ကွာလာလမ်ပူမြို့၌ ၎င်းစာချုပ်ကို လက်မှတ်ရေး ထိုးခဲ့ခြင်းဖြစ်သည်။ စင်ကာပူကာကွယ်ရေးဝန်ကြီး ချန်ချွန်ဆင်းသည် မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေစဉ် မလေးရှားကာကွယ်ရေးဝန်ကြီး ခါလက်နော်ဒင်နှင့်တွေ့ဆုံပြီးနောက် အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို တက်ရောက်ခဲ့သည်။

ရေငုပ်သင်္ဘောများ အပြန်အလှန်ကယ်ဆယ်ရေးအထောက်အကူပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်သည် နိုင်ငံတစ်နိုင်ငံတွင် ရေငုပ်သင်္ဘောနှင့် ဆက်နွယ်သည့်မတော်တဆဖြစ်စဉ်များ ဖြစ်ပေါ်လာမည်ဆိုလျှင် နှစ်နိုင်ငံစလုံးကို အပြန်အလှန်ပံ့ပိုးကူညီမှုများ ကမ်းလှမ်းသွားမည်ဖြစ်သည်။ ထို့ပြင် RMN ရေငုပ်သင်္ဘောကွပ်ကဲမှုဌာနချုပ်နှင့် RSN တို့သည် လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန်နှင့် အကောင်အထည်ဖော်ရန် အဓိကတာဝန်ရှိသည့် အေဂျင်စီများအဖြစ်သတ်မှတ်ထားရှိပြီး ဆက်သွယ်မှုနှင့်လုပ်ငန်းအကောင်အထည်ဖော်မှုအဆင်ပြေချောမွေ့စေရန် နှစ်နိုင်ငံစလုံးမှ အမျိုးသားကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးများကိုလည်း ခန့်အပ်သွားမည်ဖြစ်သည်။

တာဝန်ထမ်းဆောင်သွားမည့် နေရာများအဖြစ် တောင်တရုတ်ပင်လယ်၊ စင်ကာပူရေလက်ကြားနှင့် မလက္ကာရေလက်ကြားတို့ကဲ့သို့သော အဓိကကျသည့် ရေပိုင်နက်များကို ထည့်သွင်းသတ်မှတ်ထားရှိသည်။ အဆိုပါသဘောတူညီချက်ကြောင့် ဒေသတွင်းလုံခြုံရေးနှင့် နိုင်ငံတကာကုန်သွယ်မှုတို့အတွက် အရေးကြီးသော ပင်လယ်ရေလမ်းကြောင်းများတွင် ကယ်ဆယ်ရေးစွမ်းဆောင်ရည်များကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း မလေးရှားတော်ဝင်ရေတပ်က ထုတ်ပြန်ထားသည်။

နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများ၏ ဆွေးနွေးမှုများ၌ နှစ်နိုင်ငံကြားအရေးပါသည့် ရေအောက်အခြေခံအဆောက်အအုံများ လုံခြုံမှုလည်းပါဝင်သည်။ အမှန်တော့ အဏ္ဏဝါအခြေခံအဆောက်အအုံများလုံခြုံမှုကို အထူးအလေးထားဆောင်ရွက်သွားရန် လိုအပ်သည်။ ၎င်းအခြေခံအဆောက်အအုံများသည် ကမ္ဘာ့နိုင်ငံများကို စွမ်းအင်တင်ပို့မှုနှင့်တခြားသောကိစ္စရပ်များအတွက် ချိတ်ဆက်ထားခြင်းဖြစ်ပြီး လျစ်လျူရှုထားမည်ဆိုလျှင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်။

တောင်တရုတ်ပင်လယ်ပြင်ကို ဦးတည်သည့် အရှေ့တောင်အာရှ၏ ရေလက်ကြားများသည် ရေကြောင်းသွားလာမှုများပြားပြီး မဟာဗျူဟာအရ အရေးပါလျက်ရှိသည်။ အဆိုပါ ရေလက်ကြားများသည် ရေငုပ်သင်္ဘောများနှင့် ရေအောက်မောင်းသူမဲ့ယာဉ်များ၏ လှုပ်ရှားမှုများကြောင့် အန္တရာယ်မြင့်မားလာလျက်ရှိသည်။ ထို့ကြောင့် ဒေသတွင်းရှိ နိုင်ငံများသည် ရေအောက်နယ်ပယ်စောင့်ကြည့်မှုကို အလေးထားလုပ်ဆောင်လာရလျက်ရှိသည်။

အရှေ့တောင်အာရှတွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သာလျှင် ရေငုပ်သင်္ဘောပိုင်ဆိုင်ထားရှိပြီး ထိုင်းနိုင်ငံသည် မှာယူထားဆဲဖြစ်ကာ ဖိလစ်ပိုင်နိုင်ငံသည် ရေငုပ်သင်္ဘောပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းနေဆဲဖြစ်သည်။ ဗီယက်နမ်ပြည်သူ့ရေတပ်သည် လက်ရှိအချိန်တွင် ဒေသတွင်း၌အကြီးမားဆုံး ရေငုပ်သင်္ဘောအုပ်ကို ပိုင်ဆိုင်ထားရှိပြီး ရုရှားနိုင်ငံထုတ် Kilo အတန်းအစား ဒီဇယ်-အီလက်ထရွန်နစ်သုံး ရေငုပ်သင်္ဘောခြောက်စီးနှင့် မြောက်ကိုရီးယားနိုင်ငံက ပံ့ပိုးထားသော Yugo အတန်းအစားရေငုပ်သင်္ဘောတို့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**❖ အရှေ့တောင်အာရှတွင် အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သာလျှင် ရေငုပ်သင်္ဘောပိုင်ဆိုင်ထားရှိပြီး ထိုင်းနိုင်ငံသည် မှာယူထားဆဲဖြစ်ကာ ဖိလစ်ပိုင်နိုင်ငံသည် ရေငုပ်သင်္ဘောပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းနေဆဲဖြစ်သည်။ ဗီယက်နမ်ပြည်သူ့ရေတပ်သည် လက်ရှိအချိန်တွင် ဒေသတွင်း၌ အကြီးမားဆုံး ရေငုပ်သင်္ဘောအုပ်ကို ပိုင်ဆိုင်ထားရှိပြီး ရုရှားနိုင်ငံထုတ် Kilo အတန်းအစား ဒီဇယ်-အီလက်ထရွန်နစ်သုံး ရေငုပ်သင်္ဘောခြောက်စီးနှင့်မြောက်ကိုရီးယားနိုင်ငံက ပံ့ပိုးထားသော Yugo အတန်းအစား ရေငုပ်သင်္ဘောတို့ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည်။❖**

စင်ကာပူရေတပ်သည် လေမဲ့တွန်းကန်အားစနစ်တပ်ဆင်ထားသော Invincible အတန်းအစား ရေငုပ် သင်္ဘောနှစ်စီးဖြစ်သည့် RSS Invincible နှင့် RSS Impeccable တို့ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် တပ်တော်ဝင်ခဲ့ပြီး စွမ်းအားပြည့်တာဝန်ထမ်းဆောင်လျက်ရှိသည်။ ထိုအတောအတွင်း တတိယမြောက်နှင့်စတုတ္ထမြောက် ရေငုပ်သင်္ဘောများဖြစ်သည့် Illustrious နှင့် Inimitable တို့ကို စမ်းသပ်မောင်းနှင်လျက်ရှိသည်။ ၎င်းရေငုပ်သင်္ဘောနှစ်စီးသည် ၂၀၂၈ ခုနှစ်တွင် စင်ကာပူသို့ရောက်ရှိမည်ဟု မျှော်မှန်းထားရှိသည်။ စင်ကာပူရေတပ်သည် Archer အတန်းအစား ရေငုပ်သင်္ဘောနှစ်စီးဖြင့်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။ RSS Archer နှင့် RSS Swordsman တို့ကို ဆွီဒင်ရေတပ်မှ လွှဲပြောင်းလက်ခံရရှိခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ဂျာမနီ Thyssenkrupp Marine Systems (TKMS)မှ တည်ဆောက်သော Invincible အတန်းအစား ရေငုပ်သင်္ဘောနှစ်စီး ထပ်မံဝယ်ယူသွားရန် ယခုနှစ် မေလတွင်ဆုံးဖြတ်ခဲ့သဖြင့် ရေငုပ်သင်္ဘောခြောက်စီးထိ ပိုင်ဆိုင်လာတော့မည်ဖြစ်သည်။ ထိုအတောအတွင်း မလေးရှားတော်ဝင်ရေတပ်သည် ပြင်သစ်နိုင်ငံထုတ် KD Tunku Abdul Rahman နှင့် KD Tun Abdul Razak ရေငုပ်သင်္ဘောများကို ပိုင်ဆိုင်ထားရှိသည်။

ဒေသတွင်း၌ ရေငုပ်သင်္ဘောပထမဆုံးပိုင်ဆိုင်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသည် လက်ရှိအချိန်၌ ရေငုပ်သင်္ဘောလေးစီးပိုင်ဆိုင်ထားရှိကာ Nagapasa အတန်းအစားရေငုပ်သင်္ဘောသုံးစီးကို တောင်ကိုရီးယားနိုင်ငံမှလည်းကောင်း Cakra အတန်းအစား ရေငုပ်သင်္ဘောကို ဂျာမနီနိုင်ငံမှ ဝယ်ယူထားရှိခြင်းဖြစ်သည်။

ထိုင်းဘုရင့်လေတပ်သည် မကြာသေးမီအချိန်အတွင်းကပင် နှောင့်နှေးကြန့်ကြာမှုဖြစ်နေသည့် S26T Yuan အတန်းအစားရေငုပ်သင်္ဘောဝယ်ယူရေးကန်ထရိုက်စာချုပ်ကို ပြင်ဆင်လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်အရ ဂျာမနီ၏ ပိတ်ဆို့မှုကြောင့် ဂျာမနီထုတ် MTU 396 အင်ဂျင်များနေရာတွင် တရုတ်နိုင်ငံထုတ် CHD620 အင်ဂျင်များနှင့် အစားထိုးတပ်ဆင်သွားမည့်အပြင် လွှဲပြောင်းပေးမည့်ရက်ကိုလည်းတိုးချဲ့ခဲ့သည်။

ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံသင်္ဘောတည်ဆောက်ရေးနှင့် ကမ်းလွန်နိုင်ငံတကာကုမ္ပဏီ (CSOC) ထံမှ ရေငုပ်သင်္ဘောတစ်စီးဝယ်ယူရန် ၂၀၁၇ ခုနှစ် မေလတွင် အမေရိကန်ဒေါ်လာသန်း ၄၁၀ တန်ဖိုးရှိသော စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းရေငုပ်သင်္ဘောကို ၂၀၂၃ ခုနှစ်တွင် ထိုင်းဘုရင်လေတပ်သို့လွှဲပြောင်းပေးရန် ရည်မှန်းခဲ့သော်လည်း ဂျာမနီ၏ ပိတ်ဆို့မှုများကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုင်းနိုင်ငံသည် ၂၀၂၅ ခုနှစ် မတ်လထိ အမေရိကန်ဒေါ်လာ ၂၂၇ သန်းပေးချေထားရှိပြီး ၂၀၂၈ ခုနှစ် နှောင်းပိုင်းတွင် လွှဲပြောင်းပေးရန် ကန်ထရိုက်သက်တမ်းတိုးမြှင့်ခဲ့သည်။ အလားတူ ဖိလစ်ပိုင်နိုင်ငံအနေဖြင့်လည်း ၎င်း၏ကျွန်းစုများနှင့် ပင်လယ်ရေပိုင်နက်များ လုံခြုံရေးအတွက် ရေငုပ်သင်္ဘောနှစ်စီးဝယ်ယူသွားရန် စိတ်အားထက်သန်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် ရေငုပ်သင်္ဘောများလွတ်မြောက်ရေးနှင့် ကယ်ဆယ်ရေးစွမ်းဆောင်ရည် ပိုင်ဆိုင်ခဲ့သည့် ဒေသတွင်းရှိ ပထမဆုံးနိုင်ငံဖြစ်သည်။ ထို့နောက် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် တစ်စီးစီပိုင်ဆိုင်ခဲ့သည်။ ဗီယက်နမ်၏ Yet Kieu ကိုဒေသတွင်း၌ တည်ဆောက်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် VPAN သို့လွှဲပြောင်းပေးအပ်ခဲ့ရာ ပင်လယ်ပြင်၌ ရက်ပေါင်း ၃၀ တာဝန်ထမ်းဆောင်နိုင်သည်။ စင်ကာပူနိုင်ငံ၏ MV Swift Rescue သည် ရေငုပ်သင်္ဘောကယ်ဆယ်ရေးစက်ယန္တရား၊ အဝေးထိန်းမောင်းနှင်စက်၊ ပေါင်းစပ်လေဖိအားပြောင်းစနစ်နှင့်ဆေးရုံခုတင်ရှစ်လုံးတို့ပါရှိသည်။

ရေငုပ်သင်္ဘောကယ်ဆယ်ရေး စက်ယန္တရားအစီအစဉ်အတွက် အင်ဒိုနီးရှားနိုင်ငံ၏ ကယ်ဆယ်ရေးသင်္ဘောကို BTI Defence မှ ဒီဇိုင်းကို အခြေခံလျက် PT Ben Santosa သင်္ဘောကျင်းကတည်ဆောက်သွားမည်ဖြစ်သည်။ ၎င်းသင်္ဘောသည် အရှည် ၈၂ ဒသမ ၅ မီတာ၊ ယက်မ ၁၉ ဒသမ ၅ မီတာနှင့် ဝန်ပြည့်တန်ချိန် ၅၃၂၀ တန်ရှိသည်။ ၎င်းသင်္ဘောသည် SRV-F Mk3 အမျိုးအစား ကယ်ဆယ်ရေး ရေငုပ်သင်္ဘောသယ်ဆောင်နိုင်ပြီး ရုတ်ခြည်းတုံ့ပြန်စစ်ဆင်ရေးအတွက် ရဟတ်ယာဉ်ကွင်းပါရှိသည့်အပြင် ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများလည်းပါရှိသည်။

စင်ကာပူရေတပ်သည် ယခုနှစ် စက်တင်ဘာလအတွင်း နိုင်ငံပေါင်းစုံပါဝင်သည့် စစ်ရေးလေ့ကျင့်ခန်းကို တတိယအကြိမ်မြောက် လက်ခံကျင်းပခဲ့သည်။ နိုင်ငံပေါင်း ၁၇ နိုင်ငံမှ တပ်ဖွဲ့ဝင် ၆၀၀ ဦးတို့သည် စက်တင်ဘာလ ၁၅ ရက်မှ ၂၉ ရက်ထိ ကမ်းခြေနှင့် ပင်လယ်ပြင် အခြေစိုက်စစ်ရေးလေ့ကျင့်ခန်းများပြုလုပ်ခဲ့ကြသည်။ အဆိုပါ စစ်ရေးလေ့ကျင့်ခန်းအတွင်း ဩစတြေးလျ၊ ကနေဒါ၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီတလီ၊ ဂျပန်၊ မလေးရှား၊ နယ်သာလန်၊ တောင်ကိုရီးယား၊စပိန်၊ ထိုင်း၊ တူကီယဲ၊ ဗြိတိန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ ဗီယက်နမ်နိုင်ငံတို့ပါဝင်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံတကာရေငုပ်သင်္ဘော လွတ်မြောက်မှုနှင့် ရှာဖွေမှုဆက်ဆံရေးရုံး (ISMERLO) လည်း ပါဝင်ခဲ့သည်။

စင်ကာပူရေတပ်သည် RSS Invincible နှင့် MOSHIP MV Swift Rescue ရေငုပ်သင်္ဘောတို့ဖြင့် ပါဝင်လေ့ကျင့်ခဲ့သည်။ ထို့ပြင် ဂျပန်ပင်လယ်ရေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့နှင့် တောင်ကိုရီးယားရေတပ်တို့မှ ရေငုပ်သင်္ဘောများ ပါဝင်လေ့ကျင့်ခဲ့ကြသည်။ အလားတူ INS Nistar သည် အိန္ဒိယရေတပ်၏နောက်ဆုံးတည်ဆောက်ထားသည့် ရေအောက်စူးစမ်းမှု အထောက်အကူပြုရေယာဉ်ဖြစ်ပြီး ယခုနှစ် ဇူလိုင်လလယ်ပိုင်းတွင် တပ်တော်ဝင်ခဲ့သည်။ ၎င်းစစ်ရေယာဉ်သည် ရေငုပ်သင်္ဘောကယ်ဆယ်ရေးမစ်ရှင်များကို ထမ်းဆောင်သွားမည်ဖြစ်သည်။

စင်ကာပူရေတပ်သည် စစ်ရေယာဉ်တပ်မှူးနှင့် လေ့ကျင့်ခန်းညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကဝမ်ဟွန်ချူးအွန်က ရေငုပ်သင်္ဘောမတော်တဆဖြစ်စဉ်သည် အချိန်လုကယ်ဆယ်ရသည့် ပြိုင်ပွဲတစ်ခုဖြစ်ကြောင်း၊ ရေငုပ်သင်္ဘောများသည် နေရာအတိတကျမသိရှိရသည့်နေရာတွင် ရောက်ရှိနေနိုင်ကြောင်း၊ ဒေသတွင်းနှင့် ဒေသအပြင်ဘက်ရှိ မိတ်ဖက်နိုင်ငံများနှင့် အချိန်မီကယ်ဆယ်နိုင်ခြင်းသည် များစွာအရေးပါလျက်ရှိကြောင်း၊ ရေငုပ်သင်္ဘောကို အချိန်မီအောင်မြင်စွာကယ်ဆယ်နိုင်ရေးသည် ကယ်ဆယ်ရေးပစ္စည်းများနှင့်စနစ်များအပြင် စိတ်တူကိုယ်တူ မိတ်ဖက်နိုင်ငံများနှင့်ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုတို့လည်း လိုအပ်လျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

**ကိုးကား**

- Submarine Rescue in Southeast Asia. By ADJ September-October 2025.

ဝင်းဇင်(သုတေသန)

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/ nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့် တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady. net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့် နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့် တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ (ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။








## ဝန်ထမ်း (အမျိုးသမီး) အမြန်အလိုရှိသည်

၁။ အိမ်ခြံမြေလုပ်ငန်းတွင် လုပ်ကိုင်နိုင်သူ / စိတ်ပါဝင်စားသူ / ၁၀ တန်း အောင်ပြီး ကျောင်းဆက်မတက်သူ (သို့မဟုတ်) ဘွဲ့ရ။

၂။ ယာဉ်မောင်းလိုင်စင်ရှိပြီး မန္တလေးမြို့တွင် ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။

၃။ အသက် ၂၀ မှ ၂၈ နှစ်အတွင်း (အမျိုးသမီး)။

၄။ အလုပ်ချိန် မနက် ၉ နာရီမှ ညနေ ၅ နာရီထိ (တနင်္ဂနွေ)နေ့တိုင်း ပိတ်ရက်။

၅။ စိတ်ပါဝင်စားသူများသည် အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင် သော်လည်းကောင်း၊ ဖုန်း ၀၉-၆၈၈၈၅၂၀၉၉၊ ၀၉-၉၅၇၃၀၀၅၅၅ (Viber) (သို့) CV Form ပေးပို့လျှောက်ထားနိုင်ပါသည်။

**၃၂ လမ်း၊ ၆၃-၆၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**မှတ်ချက်။ နေ၊ စား စရိတ်ငြိမ်း လျှောက်ထားနိုင်ပါသည်။**

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက်နေ ဦးကျော်ကျော်(ခ)ဦးမောင်မောင်ကျော် (ဘ) ဦးတင်အောင်၊ ၅/စကန(နိုင်)၀၀၂၆၄၇ ကိုင်ဆောင်သူက "ငွေဟသာ်တည်ထောင်သူ" ဦးတင်အောင်+ဒေါ်မြင့်မြင့်တို့၏ (သားထွေး) ဦးကျော်ကျော်(ခ)ဦးမောင်မောင်ကျော် "ကြွယ် ကုန်မျိုးစုံရောင်းဝယ်ရေး"ဆိုင်းဘုတ်အမည်အမှတ်အသားဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်ဝေရောင်းချဖြန့်ချိမည်ဖြစ်၍ စစ်ကိုင်းမြို့ မှတ်ပုံတင်ရုံး၌ ဦးကျော်ကျော်(ခ)ဦးမောင်မောင်ကျော် တစ်ဦးတည်းပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာတမ်းပြုလုပ်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကျော်ကျော်(ခ)ဦးမောင်မောင်ကျော်
မင်းလမ်းရပ်ကွက်၊ စစ်ကိုင်းမြို့၊
ဖုန်း ၀၉-၄၀၀၄၅၆၁၁၈

## မိခင်အမည်မှန်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မစုစန္ဒာလင်းထက်၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်မျိုးသူနွယ်ဖြစ်ပါကြောင်း။ ဒေါ်မျိုးသူနွယ်(၉/ခအဇ(နိုင်)၀၅၆၀၄၄)

## အမည်မှန်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဖောင်တော်ဦး ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း Grade-6 တွင် ပညာသင်ကြားနေသော မဆုစန္ဒီလင်းထက်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မစုစန္ဒာလင်းထက်ဖြစ်ပါကြောင်း။ မစုစန္ဒာလင်းထက်

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ အကွက် (၁၈၆)နေ စိုးမိုးအောင် (ဘ) ဦးထွန်းအောင် (၉/အမဇ(နိုင်)၀၀၅၅၀၆)၏ ပတ်စ်ပို့အမှတ် MC.046120 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09786111192

## အဖိုးတန်ရေချိုကို ချွေတာပါ

## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့်အနီးသို့မသွားပါနှင့်။

❖ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံသူနိုင်ငံသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့ လိုအပ်တယ်...

❖ ပြည်ထောင်စုစိတ်ဓာတ်ဟာ အတိတ်သမိုင်းရဲ့လွတ်လပ်ရေးကြိုးပမ်းမှုမှာ အရင်းခံဖြစ်ခဲ့သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက်လည်း အခြေခံအုတ်မြစ်ဖြစ်တယ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော နှစ် ၈၀ ပြည့် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဒုတိယအကြိမ်နှင့် တတိယအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော နိုင်ငံတကာအဆင့်မီ ကုသမှုများကို ပြည်တွင်း၌ လက်လှမ်းမီရရှိနိုင်ခြင်းဖြင့် ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ်သက်သာစေရေးနှင့် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေး တိုးတက်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ကျောက်ကပ်ရောဂါလူနာများအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုခံယူနိုင်ရန် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့တွင် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများ **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

## ၂၀၂၅ ခုနှစ် ၆၂ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပမှုကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၂

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ၆၂ ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပမှုများကို အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီ ၂၅ မိနစ်မှစ၍ MWD HD Channel၊ MWD Variety Channel၊ MWD Education, Knowledge & Sports Channel၊ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

# သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများကို အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

နေပြည်တော် အောက်တိုဘာ ၂၂

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter- Terrorism Operation)ကို ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့အား အလုံးစုံ ပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် **စာမျက်နှာ ၁၆ ကော်လံ ၁** ❑



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများကို အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။

**မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက်လာပြီး အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နိုင်ငံခြားသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းကာ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်မှု သတင်းထုတ်ပြန်**

စာမျက်နှာ - ၂၂

